# ‌ေကာ်နှ်းတအခါင်း

# TA'ANG YOUTH

အမှတ် (၁)

၂၄ ဇူန်လိုင် ၂၀၁၀

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး

## မာတိကာ

ထုတ်ပြန်ကြေညာချက်

တိုင်းရင်းသားသတင်း (ရှမ်းပြည်နယ်)

ဆောင်းပါး

တအာင်း စာပေ

ကဗျာများ

ကျန်းမာရေး

တအာင်းလူငယ်တို့၏ခေတ်ပုံမှတ်တမ်း

## တအာင်း(ပလောင်)ခေါင်းဆောင်တစ်ဦးမိုင်းအိုက် ပန်း ကျဆုံးသည့်နေ့အခမ်းအတနားကျင်းပ

တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး(TSYO)၊ ပလောင်အမျိုးသမီးများအစည်းအရုံး (PWO) နှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) အဖွဲ့များပူးပေါင်းပြီး တအာင်းခေါင်းဆောင်တစ်ဦးဖြစ်သည့်ရဲဘော်မိုင်းအိုက်ပန်း ကျဆုံးသည့်နေ့ (၈) နှစ်မြောက် နှစ်ပတ်လည်နေ့ရက်လည်ဆွမ်းကို အခမ်းအနားတွင်လူဦးရေ(၄၀)နီးပါး ပါဝင်ပြီး ဇူလိုင် ၃၁ရက်နေ့တွင်ထိုင်းမြန်မာနယ်စပ်မဲဆောက်မြို့တစ်နေရာတွင်ဆွမ်းကပ်တရားနာပွဲ ကျင်းပခဲ့ကြောင်းသိရသည်။

တအာင်းခေါင်းဆောင်**မိုင်းအိုက်ပန်း**ကျဆုံးသည့်နေ့ (၈) နှစ်မြောက် နှစ်ပတ်လည်ရက်လည်ဆွမ်းအခမ်းအနားကို နံနက် ၉နာရီမှ ၁၁ နာရီအထိဆွမ်းကပ် တရားနာပြီးနေ့လယ် (၃) နာရီခန့်တွင် တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံး

**စာမျက်နှာ ၈ သို့**



မိုင်းအိုက်ပန်း၏ရက်လည်ဆွမ်းအခမ်းအနားနှင့် တအာင်းညီအကိုမများ









သိပ္ပံပညာရှင် အဲလ်ဘတ်အိုင်စတိုင်း



တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

# တအာင်းကျောင်းသားများ နှင့် လူငယ်အစည်းအရုံး

## ဦးတည်ချက်

(၁) ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတတ်သည့် တအာင်းဒေ ဖြစ်ပေါ်လာရေး။

(၂) ဦးဆောင်မှုအခန်းကဏ္ဍတွင် တအာင်းမျိုးဆက်သစ်လူငယ်များ ပိုမိုပေါ် ထွန်းလာရေး။

(၃) ကျား၊ မ တန်းတူရေး။

(၄) တန်းတူညီမျှသော အမျိုးသားကိုယ်ပိုင်ပြဌာန်းခွင့် နှင့် စစ်မှန်သောပြည်ထောင်စုဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး။

(၅) အာဏာရှင်စနစ် ဖျက်သိမ်းရေး။

## ရည်ရွယ်ချက်

(၁) တအာင်းကျောင်းသား နှင့် လူငယ်များအား ဘဝရှင်သန်ဖွံ့ဖြိုးတိုးတတ်လာစေမည့်လူငယ်စွမ်းရည်မြင့်တင်ရေးလုပ်ငန်းများ လုပ်ဆောင်သွားရန်။

(၂) ဒီမိုကရေစီ နှင့် အမျိုးသားတောင်လှန်ရေးအင်အားစုများ၊ နိုင်ငံတကာလူငယ်နှင့် အမျိုးသမီးအဖွဲ့အစည်းများ၊ ကျောင်းသားလူငယ်သမများမိတ်ပြည်သူများနှင့်ဆက်စပ်လုပ်ရှားပူးပေါင်းဆောင်ရွက်သွားရန်။

(၃) မိမိတို့၏စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများကို ဖော်ထုတ်စောင့်ရှောက်သည့် လုပ်ရှားမှုများ လုပ်ဆောင်သွားရန်။

(၄) တအာင်းဒေသအတွင်းရှိမူယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကိုလုပ်ဆောင်သွားရန်။

(၅) တအာင်းဒေသအတွင်းလူထုကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာပေးလုပ်ငန်းများဖော်ဆောင်သွားရန်။

(၆) တအာင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ လျော့ချသွားရန်အတွက်စည်းရုံးလှုံ့ ဆော်သွားရန်။

(၇) တအာင်းဒေသရှိသဘာဝပတ်ဝန်းကျင်နှင့်သယံဇာတများကိုထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်လုပ်ငန်းစဉ်များ ဖော်ဆောင်သွားရန်။

(၈) တအာင်းလူငယ်များ၏ အရည်အချင်းမြင့်တင်ရေးလုပ်ငန်းစဉ်များ လုပ်ဆောင်သွားရန်။

(၉) ပြည်သူလူထုတို့၏ ထောက်ခံမှုကို ပိုမိုရရှိရန်အတွက် လူထုစည်းရုံးလုပ်ငန်စဉ်များ လုပ်ဆောင်သွားရန်။

(၁၀) အာဏာရှင်စနစ်အား ဆန့်ကျင်ကန့်ကွက်သည့်လုပ်ငန်းစဉ်များ လုပ်ဆောင်သွားရန်။

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး ထုတ်ဝေသည်

ပလောင်တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး

TA'ANG STUDENTS and YOUTH ORGANIZATION

P.O Box. 191, Maesot, Tak Province, 63110. Office Tel: 055 533 324. E-mail: <palaungyouth@yahoo.com

# စစ်အုပ်စု၏ ထိန်းချုပ်မှုအောက်တွင် ဆိုးဝါးနိမ့်ကျနေသော တအာင်းဒေသရှိ ပညာရေးစနစ်အပေါ် ထုတ်ပြန်ကြေညာချက်

တအာင်းလူငယ်များ၏ ယနေ့ထုတ်ပြန်သည့် **အလင်းမဲ့ဘဝ** ပညာရေးအစီရင်ခံစာသည် စစ်အုပ်စု၏ထိန်းချုပ်မှုအောက် ဆိုးဝါးနိမ့်ကျနေသောရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်းလူမျိုးတို့ပညာရေးစနစ်အကြောင်းကို အများပြည်သူသိရှိစေရန် ထုတ်ဖော်ထားပါသည်။ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ဆန်၊ နမ့်ခမ်းနှင့် မန်တုံ စသည့် မြို့နယ်သုံးမြို့နယ်မှရွာပေါင်း ၆၁ ရွာတွင် လူဦးရေ ၁၇၅ ဦးတို့ကို တွေ့ဆုံမေးမြန်းမှုအပေါ်အခြေခံပြီး အချက်အလက်များကောက်ယူခဲ့ပါသည်။

တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး၏ ယခုအစီရင်ခံစာသည် စစ်အုပ်စု၏တာဝန်မဲ့မှု၊ ပညာရေးဆိုင်ရာအခွင့်အလမ်း ကင်းမဲ့နေမှုများကြောင့် တအာင်းပြည်သူလူထုတို့၏ဘဝ အနာဂတ်မဲ့နေကြရသည်ကို အချက်အလက် စုစည်းတင်ပြထားပါသည်။ တအာင်းဒေသတွင် စာသင်ကျောင်းအနည်းငယ်သာရှိပြီး ကျောင်းသုံးပစ္စည်းလည်းမပြည့်စုံပါ။ နအဖ စစ်အုပ်စုသည် အရည်အချင်း ပြည့်ဝသော ဆရာများထားရှိခြင်း၊ ဆရာများကိုလေ့ကျင့်သင်ကြားပေးခြင်း၊ပညာရေးသင်ထောက်ကူများပံ့ပိုးခြင်း အစရှိသည့် ပညာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာတွင် မရှိသလောက်အလွန်နည်းပါသည်။ ကျောင်းသင်ထောက်ကူပစ္စည်းအတွက် ပညာသင်ကြားသည့် တအာင်းကျောင်းသား လူငယ်များထံသာကောက်ခံခဲ့ကြပါသည်။

ကျောင်းတကျောင်းတွင် ၂၀၀၀ ခုနှစ်တွင် စတင်ပညာသင်ကြားခဲ့သော ကျောင်းသူ/သား ၁၇၂ ဦးသည် ၂၀၀၉ခုနှစ်ရောက်သောအခါ ကျောင်းသူ/သား ၃ ဦးခန့်သာ ဆယ်တန်းအထိရောက်ရှိသင်ကြားနိုင်ခဲ့သည်ကို အစီရင်ခံစာအတွက် လေ့လာသုတေသန ပြုသည့် အဖွဲ့မှ လေ့လာတွေ့ရှိရပါသည်။ထိုအတူ ပညာရေးသင်ရိုးညွှန်တမ်းတွင် တိုင်းရင်းသားလူမျိုးများအား ကိုယ်ပိုင်ဘာသာစကားနှင့် ယဉ်ကျေးမှုများကို တရားဝင်လေ့လာသင်ယူခွင့်ကို တားမြစ်ပိတ်ပင်ထားပြီး စာသင်ကျောင်းများတွင်လည်း မြန်မာစာ ကိုသာ အခြေခံ အသုံးပြု၍ သင်ကြားနေသည်။

နအဖ စစ်အုပ်စုသည် ပြည်သူလူထု၏ ပညာရေးနှင့် ကျန်းမာရေးထက် စစ်အင်အားပြင်ဆင်တိုးချဲ့ရေးတွင် နိုင်ငံ့ဘဏ္ဍာငွေကို အဆ ပေါင်းများစွာ အသုံးပြုထားပြီး၊ နိုင်ငံထွက်ကုန်တန်ဖိုး (ဂျီဒီပီ) ၏ ၁.၄ ရာခိုင်းနှုန်းသာ ပညာရေးနှင့်ကျန်မာရေးအတွက် သုံးစွဲသည် ကိုတွေ့ရှိရပါသည်။ ပညာသင်ကြားသော ကျောင်းသာလူငယ်များမှာ အတင်းအဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ကြံ့ခိုင်ရေးအဖွဲ့ဝင်အဖြစ် အတင်းသွတ်သွင်းခြင်းအပြင် လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ခံစားနေကြရသည်ကိုလည်း တွေ့ရှိရပါသည်။

ပညာရေးအခြေအနေမှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးအရ အဘက်ဘက်တွင် ဆိုးရွားစွာ ဆက်လက်ဖိနှိပ်ချိုးနှိမ်ခံထားရပါသည်။ စာသင်ကျောင်းတွင် အချိန်ကြာမြင့်စွာသင်ယူခဲ့သည့် ကျောင်းသားတစ်ယောက်အတွက် ဆက်လက်ပြီး တဆင့်မြှင့်ပညာသင်ကြားရန် အခြေအနေလုံးဝမရှိသလောက် နည်းပါးလှပါသည်။ "ကျနော်သင်ကြားခဲ့တဲ့ပညာရေးဟာ ကျနော်လုပ်နေတဲ့အလုပ်နဲ့ ဘာမှ မဆက်စပ် ပါဘူး။ တက္ကသိုလ် မှာ ဥပဒေပညာကို သင်ယူခဲ့ပြီး အခု လက်ဖက်ရောင်းနေပါ တယ်။ ပညာရေးဟာ ကျနော်တို့ရဲ့အနာဂတ်အတွက် အာမခံချက်လုံးဝမရှိဘူး။အခုပညာရေးစနစ်ဟာ အစိုးရကိုကြောက်လန့်အောင်၊ အမိန့်နာခံအောင်ပဲသင်ပေးပါတယ်။ လာဘ်စားမှုတွေလဲ အင်မတန် များပါတယ်"ဟု အစီရင်ခံစာအတွက် တွေ့ဆုံမေးမြန်းခံခဲ့သူ လူငယ်တဦးပြောပြပါသည်။

"နအ ဖ စစ်အုပ်စုရဲ့ ပညာရေးစနစ်ကို အချိန်မှီပြုပြင်ပြောင်းလဲမှုမလုပ်ဘူးဆိုရင် ပညာရေးဟာအလျှင်အမြန် ယိုယွင်းပျက်ဆီး



**အလင်းမဲ့ဘဝ** ပညာရေးအစီရင်ခံစာ
မျက်နှာဖုံး

သွားမှာဖြစ်ပါတယ်၊ ဒေသခံပြည်သူလူထုတွေရဲ့ ပညာရေးအခြေအနေဟာ ဘတ်ဂျတ်မရှိလို့ကျောင်းပိတ်တာ၊ဘတ်ဂျတ်ငွေကြေး မတတ်နိုင်လို့ကျောင်းထွက်ရတာ၊ ပညာရေးအတွက် အခြားဘာမှ ရွေးချယ်စရာအခွင့်အလမ်းမရှိတော့တာတွေဟာ လုံးဝစိတ်ဓာတ်ကျဆင်းစရာဖြစ်နေပါတယ်” ဟုတအာင်းတအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး၏ ပညာရေးဌာန တာဝန်ခံ မိုင်းမောဝ်ဒါင်း မှ စစ်အုပ်စု၏ မှားယွင်းသောပညာရေးစနစ်ကို အချိန်မှီပြုပြင်ရန် ထောက်ပြပြောဆိုထားသည်။

၂၀ မေ ၂၀၁၀

## USDPအဖွဲ့ဝင်များ ပါတီ မဲရရန် TNPပါတီနာမည် အလွဲသုံးစားပြုပြီး စည်းရုံးရေးဆင်း

ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့ရှိ USDPပါတီအဖွဲ့ဝင်များကပါတီမဲရရှိရေးအတွက်တအာင်း(ပလောင်)လူကြီးများ၏နာမည်ကို အလွဲသုံးစားပြုပြီး ဇူလိုင်လ၁၄ရက်နေ့တွင် မိုင်းမော်ဘက်သို့မဲဆွယ်စည်းရုံးရေးဆင်းနေသည်ဟု စည်းရုံးခြင်းခံရသောသေဒခံရွာသားတစ်ဦးထံမှ သိရသည်။

*“သူတို့ပြောတာက အထက်က ပလောင်လူကြီးတွေခိုင်းတယ် လို့ပြောတယ်ဒါကြောင့်ရွာကလူတွေတအာင်းအမျိုးသားပါတီ(TNP)အဖွဲ့ဝင်နာမည်စာရင်းတွေပေးတချို့လူတွေ ဓာတ်ပုံရိုက်၊ ဖောင်တွေတိတ်တဆိတ်နဲ့ ဖြည့်ခိုင်းတာမျိုးလည်း ရှိတယ်”* ဟုရွာခံတစ်ဦးက ပြောပြတယ်။

၎င်းUSDP ပါတီအဖွဲ့ဝင်များသည်ဇွန်လ၂၁ရက်နေ့တွင်ထောက်ခံမဲများရရှိရန်အတွက်မန်တုံမြို့ရှိတအာင်း(ပလောင်)ရွာများဖြစ်သည့် ဟိုလင်းအုပ်စု၊ ခိုမုန်းအုပ်စု၊ နားအော်ကြီးအုပ်စု၊ကျယ်ကောင်အုပ်စု၊ဆိုင်းလိန်အုပ်စုစသည့်အုပ်စုတွင်းမှ ကျေးရွာပြည်သူများထံ ပလောင်လူကြီးများ၏ ခိုင်းစေခြင်းဖြစ်ကြောင်းဟု လိမ်လည်ပြီးမဲဆွယ်စည်းရုံးရင်း ပါတီအသင်းဝင်လက်မှတ်ပါ ထိုးခိုင်းသည်ဟု ဒေသခံရွာသားများမှသိရသည်။

စည်းရုံးခြင်း ခံရသည့် ခိုမုန်းရွာသားတစ်ဦးက“*ကျတော်တို့က မသိကြဘူးလေ သူတို့လက်မှတ်တွေထိုးခိုင်းတယ် ပလောင်လူကြီးတွေခိုင်းတယ်လို့ ပြောတော့ရွာကလူတွေလက်မှတ်ထိုးပေးတာပါပဲရွာကလူတစ်ဝက်ကျော်ကျော်လောက်ဆိုရင်စာမဖတ်တတ်တဲ့လူတွေပဲသူတို့ပါတီကိုမဲပေးတာဖြစ်တယ်လို့ မှမသိကြတာ*”အဆိုပါအကြောင်းအရာနှင့်အလားတူ ဆိုင်လိန်ရွာတွင်အခြေအတင်ဖြစ်နေသည်ကိုတွေ့ရှိခဲ့သောဆိုင်လိန် ရွာသားတစ်ဦး“*၂၁ ရက်ဇွန်လမှာဆိုင်းလိန်ရွာဥက္ကဌနဲ့အဲဒီကြံ့ဖွံ့ပါတီအဖွဲ့တွေကပြဿနာဖြစ်တယ် ဘာကြောင်းဆိုတော့*

*သူတို့က ပလောင်လူကြီး နာမည်တွေအလွဲသုံးစားလုပ်ပြီးနာမည်စာရင်း တွေကောက်ထားတယ်။ နောက်နေ့မှဓာတ်ပုံဆရာလွှတ်ပြီးဖောင်ဖြည့်ဖို့ ဓာတ်ပုံရိုက်မယ်ပေ့ါ အဲ့ဒီမှာဥက္ကဌကဘာအတွက်လည်းမေးတော့ကြံ့ခိုင်ရေးပါတီဝင်ဖြစ်ဖို့ မနေ့က နာမည်စာရင်းပေးထားတဲ့သူတွေကို ပုံလာရိုက်တာ လို့ပြောတယ်။”*

*“အဲ့ဒီမှာ ဥက္ကဌက မင်းတို့ကြံ့ခိုင်ရေးဆိုရင် ငါတို့အဖွဲ့ဝင်မလုပ်ဘူးပုံလည်းမရိုက်နိုင်ဘူးလို့ ပြောလိုက်တယ်။ မင်းတို့ကြံ့ခိုင်ရေးပါတီဝင်ဖြစ်ချင်ရင်မင်းတို့ကိုယ်တိုင်စည်းရုံး ပလောင်လူကြီးတွေကိုညာပြီး ငါတို့ကိုမပြောနဲ့ ငါတို့လက်မခံနိုင်ဘူး မနေ့ကလာသွားတဲ့သူတွေကိုလည်းမင်းတို့ကိုယ်တိုင်သွားပြော မလိမ့်တပတ်နဲ့ငါ့ကိုခိုင်းတာမျိုး မလုပ်နဲ့လို့ပြန်ပြောလိုက်တယ်”* ဟု ပြောပြသည်။

မန်တုံမြို့တွင်းမှပြည်သူများထံ ထောက်ခံမဲရရှိရန်အတွက်စည်းရုံးရေးဆင်းနေသည့် ၂၀၁၀ ရွေးကောက်ပွဲ ကောင်ဝင်ပြိုင်မည့်ပါတီများ တအာင်း (ပလောင်) အမျိုးသားပါတီ(TNP)၊ တိုင်းရင်းသားစည်းလုံးညွှတ်ရေး (တစည)ပါတီနှင့်USDPကြံ့ဖွံ့ပါတီရှိသော်လည်း USDPပါတီအဖွဲ့ဝင်များ မဲရရှိရေးအတွက် ယခုလို ပြည်သူများအားလိမ်လည်အတင်းမဲဆွယ်ခြင်းများရှိကြောင်းသိရသည်။

၁၅ ဇူလိုင် ၂၀၁၀

***ပထမ စာမျက်နှာမှ အဆက်***

(TSYO) အဖွဲ့ဝင်များ၊ ပလောင်အမျိုးသမီးအစည်းအရုံး(PWO) အဖွဲ့ဝင်များနှင့်ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦးအဖွဲ့ဝင်များက ခေါင်းဆောင်မိုင်းအိုက်ပန်းနှင့်တအာင်း(ပလောင်)အမျိုးသားအလံတော်ကိုအလေးပြုပြီးအမှတ်တရ စကားပြောကြားရင်း အခမ်းအနားပြီးဆုံးခဲ့ခြင်း ဖြစ်သည်။



**မိုင်းအိုက်ပန်း**

အခမ်းအနားသို့တက်ရောက်လာသည့်(PSLF)အထွေထွေအတွင်း ရေးမှူးမိုင်းဘုန်းကျော်က *"အခုလို မိုင်းအိုက်ပန်း ရဲ့ နှစ်ပတ်လည် ရက်လည်ဆွမ်းအခမ်းအနားကို ပြုလုပ်ရတာ တကယ်ကို ဝမ်းသာမိပါတယ် တကယ်လည်းလုပ်သင့်လုပ်ထိုက်တဲ့ အခမ်းအနားလည်းဖြစ်ပါတယ်။ ပလောင်အမျိုးသားရေးအတွက်သူရဲ့ပေးစပ်မှုတွေ အနစ်နာခံမှုတွေပြောလို့မဆုံးနိုင်အောင်ကြီးမားလှပါတယ်။ မာနယ်ပလောကျဆုံးသွားတဲ့နောက်ပိုင်းပလောင်တော်လှန်ရေးအတော်ကိုဆိုးဝါးနေတဲ့အချိန်လည်းဖြစ်လုံးဝကိုမထင်တော့တဲ့ အခြေအနေမှာ* ***မိုင်းအိုက်ပန်း****က တချို့ခေါင်းဆောင်တွေရဲ့အကူအညီနဲ့အတူစစ်သားတွေစုဆောင်း၊ န အဖ ရဲ့ ဖိအားတွေကြောင့်၂၀၀၅ မှာ လက်နက် အပြီးပိုင် အပ်လိုက်ရတဲ့ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်* ***(PSLA)*** *ရဲ့လမ်းစဉ်ကို ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သွားပြီးတအာင်း တော်လှန်ရေးအတွက်မျိုးဆက်သစ်တွေလည်း ဆက်လက်မွေးဖွားခဲ့တယ်။ အထူးသဖြင့် အခုလို တအာင်းကျောင်းသားနှင့်လူငယ်များအစည်းအရုံး****(TSYO)****ပလောင်အမျိုးသမီးအစည်း အရုံး* ***(PWO)****နဲ့ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး* ***(PSLF)****တို့ဆိုလည်းသူ့ကြိုးစာမှုနဲ့ ဒီထိုင်းနိုင်ငံဘက်ကိုခေါ်လာပြီးတစ်နှစ်ပြီးတစ်နှစ် စုဆောင်းဖွဲ့စည်းခဲ့တယ်။ ဒါကြောင့် အခုလို ကျတော်တို့ တအာင်းလူမျိုးအတွက်စုံစုံညီညီနဲ့ဆက်လက်လုပ်နိုင်တာဟာ* ***မိုင်းအိုက်ပန်း*** *ချပေးခဲ့တဲ့လမ်းစဉ်ကို ဆက်လျှောက်နေတယ်လို့ ပြောလို့ရပါတယ်"*ဟု အခမ်းအနားတွင်ပြောဆိုခဲ့ပါသည်။



ဌင်းအခမ်းအနားကိုတက်ရောက်တဲ့(WLB) ရဲ့အထွေထွေ အတွင်းရေးမှူး လွေးအေးနန်းကလည်း ***" မိုင်းအိုက်ပန်းဟာတအာင်းလူမျိုးအတွက် တကယ်ကိုပေးစပ်အနစ်နာခံတဲ့လူတစ်ယောက်ပါပဲ။ ၁၉၉၇-၉၈ ကာလတစ်ရုံးပြီး ထိုင်းဘက်ကိုခေါ်လာတယ် တကယ်ကလျှောက်ပလောင်လူငယ်တွေကိုစည်းရုံးပြီး ထိုင်းဘက်ကိုခေါ်လာတယ် တကယ်ကိုခက်ခဲ့တဲ့ အခြေအနေဖြစ်တဲ့အတွက် အမျိုးသမီးတွေဆိုရင် စက်ရုံမှာအလုပ်လုပ်ရတယ်၊ ယောက်ကျ်ားလေးတွေဆိုရင် စပါးရိတ်ပြီး ရတဲ့ပိုက်ဆံနဲ့ ရပ်တည်နေခဲ့ရတယ် ထိုင်းဘက်ကအဖွဲ့စည်းခေါင်းဆောင်တော်တော်များများနဲ့လည်းခင်ကြတယ် တစ်ခါတစ်လေ ဆန်မရှိလို့သူ့မိတ်ဆွေအဖွဲ့စည်းတချို့တွေဆီမှာသွားပြီးဆန်တစ်ပြည် အဝတ်အစားလေးတွေနဲ့အကူညီသွား တောင်းပြီး သူခေါ်လာတဲ့လူတွေနဲ့အတူ အဲလိုဘဲရပ်တည်ခဲ့တယ်။ ဒါကြောင့် မိုင်းအိုက်ပန်းဟာ တကယ်ကိုလေးစားထိုက်တဲ့ခေါင်းဆောင်ကောင်းတစ်ယောက်ဖြစ်တယ်"*** ဟုပြောသွားသည်။

မိုင်းအိုက်ပန်းသည်၁၉၉၄ခုနှစ်တွင်ပလောင်ပြည်နယ်လွတ်မြောက်ရေးပါတီ၏ အဖွဲ့ဝင်ဖြစ်လာခဲ့ပြီးထိုအဖွဲ့၏ စစ်အစိုးရနှင့် ချုပ်ဆိုသည့်အပစ်အခတ်ရပ်စဲရေးစာချုပ်ကိုဆန့်ကျင်ကန့်ကွက်ခဲ့သည့်ပုဂ္ဂိုလ်တစ်ဦးလည်းဖြစ်သည်။ ၁၉၈၆ခုနှစ်တွင် အဖွဲ့၏ကိုယ်စားအဖြစ်အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု(မဒတ)ရုံးချုပ်တွင်သွားရောက်တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မိုင်းအိုက်ပန်းသည် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ဗဟိုအလုပ်အမှုဆောင်မတီဝင်တစ်ဦး အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့သည်။ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ ပထမအကြိမ်ညီလာခံတွင် မိုင်းအိုက်ပန်းမှတွဲဖက်အထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်ရန် ရွေးချယ်ခန့်အပ်ခြင်းခံခဲ့ရသည်။

ထို့အပြင် မိုင်းအိုက်ပန်းသည် ထိုင်း-မြန်မာနယ်စပ်သည် တအာင်းကျောင်းသားနှင့် လူငယ်များအစည်းအရုံးပလောင်အမျိုးသမီးအစည်းအရုံးဖြစ်ပေါ်လာစေရန် အထူးအားပေးလုပ်ဆောင်သူတစ်ဦးလည်းဖြစ်သည်။ မိုင်းအိုက်ပန်းသည်၂၀၀၀ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့တွင် အဖမ်းခံခဲ့ရပြီး မော်လမြိုင်ထောင်သို့ ပို့ခံခဲ့ရကာ မတရားအသင်းနှင့် ဆက်သွယ်ခြင်း ဥပဒေနှင့်ထောင်ဒဏ်(၅)နှစ်ကျခံစေခဲ့ပါသည်။၂၀၀၂ ဇူလိုင် ၂၂ ရက်နေ့ ညနေ ၃း ၁၅ မိနစ်အချိန်တွင် ရေဖျင်းရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

အဆိုပါ မိုင်းအိုက်ပန်း၏နှစ်ပတ်လည်ရက်လည်ဆွမ်း အခမ်းအနားသည်တအာင်း(ပလောင်)တွေအတွက်အမှတ်ရကောင်းသည့်နေ့တစ်နေ့ဖြစ်သောကြောင့် ယခင်ကနဲ့ ယခုချိန်ထိဆိုရင် (၈)ကြိမ်မြောက်ကျင်းပခဲ့ပြီး လာမည့်အနာဂါတ် ဇူလိုင်လ ၃၁ ရက်နေ့ရောက်တိုင်း ဆက်လက်လုပ်သွားမည်ဟု ထိုင်းနိုင်ငံရောက် တအာင်း(ပလောင်)အဖွဲ့စည်းများက ပြောကြားခဲ့ကြသည်။

၃၁ ဇူလိုင် ၂၀၁၀

## သျှမ်းပြည်အရေးနှင့် ပလောင်အမျိုးသားတို့၏ဆန္ဒ


ပလောင်လူငယ်ကွန်ယက်အဖွဲ့၏ ဒုတိယ အကြိမ်ညီလာခံ တွင်အဖွင့်အမှာစကားပြောကြားနေသည့် မိုင်းအိုက်ဖုန်း

၂၀၁၀ ဂျန္နဝါရီ ၁၂ ရက် ၄၇နှစ်မြောက်ပလောင်ခေါ်တအာင်း အမျိုးသားတော်လှန်ရေးနေ့မှာ ပလောင်မျိုးချစ်ပုဂ္ဂိုလ်တွေ အမျိုးသားရေးဇာတိဂုဏ်ဘယ်လိုဖေါ်ဆောင်ခဲ့ပါသလဲ၊ စစ်အစိုးရရဲ့ ၂၀၁၀ ရွေးကောက်ပွဲအပေါ်ဘယ်လိုအမြင် သဘောထားရှိပြီး အများသားတန်းတူးရေးဒီမိုကရေစီအရေးဖေါ်ဆောင်ဖို့အနာဂါတ်ပြည်ထောင်စုနဲ့သျှမ်းပြည်ကြီးအတွက်တယ်လိုရည်ရွယ်ချက်တွေအိပ်မက်ထားခဲ့သလဲ။ ပလောင်အမျိုးသားလွတ်မြောက်ရေးတပ်ဦး ဥက္ကဌမိုင်းအိုက်ဖုန်းက –

*"ကျနော်တို့ ပလောင်အမျိုးသားတွေဟာ သျှမ်းအမျိုးသားတို့နဲ့ နှစ်ရည်လများ ဘိုးဘွားစဉ်ဆက် အတူနေထိုင်လာခဲ့ကြတာပါ။ အခုခေတ်ကျမှအစိုးရဖြစ်လာတဲ့ နအဖ စစ်အုပ်စုကအာဏာသုံးပြီးသေတွေအဘာတွေလာခွဲပေး စရာမလိုပါဘူး။ ကျနော်တို့ကလဲတောင်းစရာမလိုပါဘူး"*။

၄၇ နှစ်မြောက် ပလောင်တော်လှန်ရေးနေ့များ ပလောင်လွတ်မြောက်ရေးတပ်ဦးက ၂၀၁၀ ရွေးကောက်ပွဲလုံးဝဆန့်ကျင်သွားမယ်ဆိုတဲ့ ကြေငြာချက်ထုတ်ပြန်ခဲ့တာနဲ့ပါတ်သက်ပြီး–

*"တိုင်းရင်းသားတွေအတွက် ဗမာပြည်သူလူထု* ***အတွက် အမျိုးမ*** *ရှိတဲ့ ၂၀၀၈ ဖွဲ့စည်းပုံအတိုင်းဘဲ ဆက်သွားမယ့် ၂၀၁၀ ရွေးကောက်ပွဲဖြစ်တာကြောင့် စစ်အုပ်စု အာဏာသက်ဆိုးရှည် စေဖို့သာဖြစ်တယ်၊ တရားမျှတမယ့် ရွေးကောက်ပွဲမဟုတ်တဲ့ အတွက် ဆန့်ကျင်ရခြင်းဖြစ်တယ်"*။

၁၉၆၃ကစပြီးသျှမ်းအမျိုးသား၊ ကချင်အမျိုးသားတို့လို ပလောင်အမျိုးသားကလဲ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ပလောင်အမျိုးသားလွတ်မြောက်ရေးနဲ့ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်အတွက် နယ်ချဲ့လာတဲ့ ဗမာစစ်အုပ်စုကို လက်နက်ကိုင်ပြီးစတင်တော်လှန်ခဲ့တယ်။ ၁၉၉၁ ကျတော့အများတကလိုဘဲ အထူးဒေသ ၇ နာမည်နဲ့ ပလောင်လဲစစ်အစိုးရနဲ့ အပစ်ရပ်ခဲ့ပါတယ်။

ကိုယ့်ဒေသ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ခွင့်လက်နက်ကိုင်ခွင့်ရှိခဲ့တယ်။ နိုင်ငံရေးရပိုင်ခွင့် အတွက်ကိုတော့ အမျိုးသားညီလာခံမှာ တင်ပြတောင်းဆိုဖို့နဲ့နောင်တက်လာမယ့် အစိုးရသစ်ကျမှဆွေးနွေးဖို့ စစ်အစိုးရကပြောခဲ့ပါတယ်။၂၀၀၅ကျတော့ ဗမာစစ်အုပ်စုကအတင်းအကျပ်ဖိအားပေးလို့ လက်နက်ချခဲ့ရပြီး PSLO/PSLA ပလောင်အမျိုးသားအဖွဲ့ချုပ် ပလောင်အမျိုးသားတပ်ဖွဲ့ဆိုတဲ့နာမည်လဲ ပေးမသုံးတော့ဘဲ ပလောင်အမျိုးသားအဖွဲ့လောက်ပဲ သုံးခွင့်ပေးခဲ့တယ်လို့ **မိုင်းအိုက်ဖုန်း** က ပြောပါတယ်။

*"ဗမာစစ်အုပ်စုထံ လက်နက်ချပေးလိုက်ရပေမယ့် စစ်ရေးလုံးဝမလုပ်တော့ဘူးလို့ မဆိုလိုဘူး။ အခုအခြေအနေမှာစစ်ရေးနဲ့ သံခိဌာန်ချထားပါတယ်။ မိခင်အဖွဲ့အစည်းလက်နက်ချခဲ့ပေမယ့်စစ်အစိုးရပရိယာယ်ဟာ 'စစ်ရေးအရလက်နက်ချမယ်၊ နိုင်ငံရေးအရအလိုအလျောက်အရှုံးပေးလာလိမ့်မယ်' ဆိုတဲ့ဗျူဟာသုံးတယ်လို့ သိထားတယ်။ ဒါကြောင့်ကျနော်တို့ လက်နက်မချဘဲ PSLF ပြန်လည်ဖွဲ့ စည်းပြီးတော့ပြန်ခို ခဲ့တာဖြစ်ပါတယ်။*

လက်နက်မချခင်ကအခြေအနေနဲ့ ၂၀၀၅ လက်နက်ချပြီးနောက်ပိုင်း ပလောင်ဒေသမှာအခြေအနေကို –

*"အရမ်းကို ကွာခြားခဲ့ပါတယ်။ ပလောင်ဒေသအနှံ့အပြားမှာ မန်တုံပြည်သူ့စစ် နမ့်ဆန်ပြည်သူ့စစ်တွေ နေရာယူလာခဲ့ပါတယ်။ လူထုအတွက် ဘာအမျိုးမှ မပေးပါဘူး။ လုံခြုံရေးယူးပေးတယ်ဆိုတာလဲဟန်ပြဘဲ။ အမှန်ကတော့ ဗမာစစ်တပ်အောက်ရောက်အောင် သိမ်းသွင်းလိုက်တာဘဲ။ လူ့အခွင့်အရေးချိုးဖောက်မှုတွေ နေရာအနှံ့ ဖြစ်လာတယ်။ မူးယစ်ဆေးဈေးကွက်ကျယ်ပြန့်လာတယ်"*။

လက် ရှိ ပလောင် လက်နက်ချအဖွဲ့ကို BGF ထပ်လုပ်ခိုင်းတာလဲ သွယ်ဝိုက်သောနည်းနဲ့ လက်နက်ဖြုတ်ယူနေတာဖြစ်တယ်လို့ဆိုပါတယ်။

PSLFရဲ့ နိုင်ငံရေးရပ်တည်ချက်တော့ ၂၀၁၀ ရွေးကောက်ပွဲပျက်အောင်တိုက်ဖို့၊ ရွေးကောက်ပွဲကျင်းပပြီးတိုင်အမျိုးသားတန်းတူရေး/ဒီမိုကရေမရချင်းတိုက်သွားမယ်လို့ **မိုင်းအိုက်ဖုန်း** ကပြောပါတယ်။

*"ကျနော်တို့ ပါတီထောင်ရွေးကောက်ပွဲဝင်ခွင့် မရပေမယ့် စစ်အာဏာရှင် အမြစ်ပြုတ်အောင်ချေ မှုန်းပြီးတော့စစ်မှန်တဲ့ ဒီမိုကရေစီနဲ့စစ်မှန်တဲ့တိုင်းရင်စသားတန်းတူရေး၊ စစ်မှန်တဲ့ပြည်ထောင်စုတည်ဆောက်နိုင်တဲ့အထိ ဆက်လက်တိုက်ပွဲဝင်သွားမှာဘဲ။ ၂၀၁၀ ဆိုတာ အခြေအနေအရတိုက်ပွဲတခုပါ"*။

ပလောင်တော်လှန်ရေးဟာ ပလောင်အမျိုးသားတစ်ခုတည်းအတွက်မဟုတ်ဘဲ အေးအတူပူအမျှ လက်တွဲနေထိုင်လာခဲ့တဲ့ သျှမ်းပြည်သားညီအကိုမောင်နှစ်မ အားလုံးနဲ့ လဲဆိုင်တဲ့အတွက် သျှမ်းပြည်တော်လှန်ရေးနေ့လို့လဲပြောနိုင်ကြောင်း၊ တိုင်းရင်းသားတို့အပေါ် နယ်ချဲ့စိုးမိုးနေတဲ့ စစ်အုပ်စုကို တညီတညွတ်ထဲ တိုက်ဖျက်ချေမှုန်းသွားဖို့လိုကြောင်း ပ လောင်တော်လှန်ရေးနေ့မှာ မိုင်အိုက်ဖုန်းကတိုက်တွန်းသွားပါတယ်။



ဆွေးနွေးပွဲတခုတွင် တက်ရောက်ဆွေး နွေးနေသည့်
မိုင်းအိုက်ဖုန်း

ပလောင်အမျိုးသားတွေကသျှမ်းပြည်တော်လှန်ရေးစတင်စဉ် ၁၉၅၉ကတည်းကသျှမ်းအမျိုးသားများနဲ့ လက်တွဲလ**ခဲ့ပါတယ်။ ၁၉၆၂ ဗိုလ်**ချုပ်နေဝင်းအာဏာသိမ်းပြီးနောက်သျှမ်းတော်လှန်ရေးတပ်ကခွဲထွက်ပြီး အမျိုးသားတန်းတူရေးအတွက် တပ်မတော်အဖြစ် သီးခြားရပ်ကာ ပလောင်တော်လှန်ရေးနေ့လဲ အဲ့ဒီနေ့ကိုအစွဲပြုသတ်မှတ်ခဲ့ပါတယ်။ သျှမ်းပြည်လူထုခေါင်းဆောင်များနဲ့ စော်ဘွားများစည်းရုံးမှုရရေးအတွက် သျှမ်းပြည်စော်ဘွားများကောင်စီဥက္ကဌ ပလောင်စော်ဘွားခွန်ပန်းစိန်က ပါဝင်ဦးဆောင်ခဲ့လို့ဖေဖော်ဝါရီလ ၁၂ ရက် ပြည်ထောင်စုနေ့ဖြစ်တဲ့အထိ တက်လှမ်းနိုင်ခဲ့ပါတယ်။

***ရှမ်းသံတော်ဆင်***

*၁၅၊ ၀၁၊ ၂၀၁၀*

## လက်ဖတ်တောင်သူ၅သိန်းကျော်စားဝတ်နေရေးကျပ်တည်း

လက်ဖက်လုပ်ငန်းဖြင့် အသက်မွေး ဝမ်းကြောင်းပြုနေသော လက်ဖက်တောင်သူ ၅သိန်းကျော်တို့မှာ အစိုးရကလက်ဖက်တံဆိပ် ၄၀ကျော်ကို အန္တရာယ်ဖြစ်နိုင်၍ စားသုံးရန်မသင့်ကြောင်း ကြေညာပြီးနောက်စားဝတ် နေရေးအကျပ်အ တည်းတို့နှင့်ရင်ဆိုင်နေရကြောင်းပလောင်အဖွဲ့က ယနေ့တွင်သတင်းထုတ်ပြန်ထားသည်။

တအာင်း (ပလောင်)လုပ်ငန်း အဖွဲ့ဆိုင်သည့် အဖွဲ့၃ ဖွဲ့ပါရှိသည့် "လက်ဖက်ဖျက်ပိုး"မည်ရှိ အစီရင်ခံစာအရ ထောင်နှင့်ချီသည့် လက်ဖက်တောင်သူများသည် အခြားဒေသများသို့ရွှေ့ပြောင်း အလုပ်ရှာဖွေရခြင်း၊ ၎င်းတို့၏ သားသမီးများကို ပညာရေးတွင် အထောက်အပံ့မပေးနိုင်သည့် အခက်အခဲတို့နှင့် ရင်ဆိုင်နေရခြင်း



နမ့်ခမ်းမြို့တွင် လှက်လာရောင်းနေ့သည့်လှက်ကုန်တင်ယဉ်တစ်စီး

စာမျက်နှာ၂၃ မျက်နှာပါရှိသော၎င်းအစီရင်ခံစာတွင် နမ့်ဆန်မြို့၊ မန်တုန်မြို့၊ နမ့်ခမ်းမြို့၊ ကျောက်မဲမြို့အစရှိသည့် မြို့များမှ လက်ဖက်ခြံပိုင်ရှင်၊ လက်ဖက်ခြောက် စက်ရုံပိုင်ရှင်၊ကုန်သည်ပွဲစား နှင့် ပွဲရုံပိုင်ရှင်၊ လက်ဖက်အဝယ် ကိုယ်စားလှယ်၊ စားသုံးသူ၊ လက်ဖက်ခူးသူ၊ ဒေသခံအာဏာပိုင်

# ဝတပ်ဖွဲ့ဥက္ကဋ္ဌအား ထပ်မံဆွေးနွေးရန် နအဖ ကမ်းလှမ်း

ဝတပ်ဖွဲ့က နယ်ခြားစောင့်တပ်ဖွဲ့စည်းရေးကိစ္စတုံ့ပြန်မှု မရှိသေးသည့်အပေါ် ထပ်မံဆွေးနွေးရန် ဝတပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်းအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် (ရမခ)တိုင်းမှူးက ခေါ်ဆိုထားကြောင်း သိရသည်။



ဝတပ်ဖွဲ့ ဥက္ကဋ္ဌ ပေါက်ယူချန်း

ဝတပ်ဖွဲ့ခေါင်းဆောင်များအနေဖြင့်နားလည်မှုလွဲနေ၍ ဝ ပြည်သွေးစည်းညီညွတ်ရေးတပ် မ တော် (UWSA)ခေါ် ဝတပ်ဖွဲ့ဥက္ကဋ္ဌပေါက်ယူချန်းကိုယ်တိုင် လားရှိုးမြို့သို့လာရောက်စေလို ကြောင်း ရမခတိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က ယခုလ (၁၉) ရက်တွင်စာရေးကမ်းလှမ်းခဲ့သည်ဟု ဝတပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်သူက ပြောသည်။

ဝ တပ်ဖွဲ့ခေါင်းဆောင်များအနေဖြင့်နားလည်မှုလွဲနေ၍ ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော်(UWSA) ခေါ် ဝတပ်ဖွဲ့ဥက္ကဋ္ဌ ပေါက်ယူချန်း ကိုယ်တိုင်လားရှိုးမြို့သို့လာရောက်စေလို ကြောင်း ရမခတိုင်းမှူးဗိုလ်ချုပ် အောင်သန်းထွဋ်က ယခုလ (၁၉) ရက်တွင် စာရေးကမ်းလှမ်းခဲ့သည် ဟု ဝတပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်သူက ပြောသည်။

၎င်းက "ပေါက်ယူချန်းနဲ့အတူကျန်တဲ့သူတွေလည်းစိတ်ကြိုက်ခေါ်လာခဲ့လို့ကန့်သတ်မထားဘူး။ ဝတပ်ဖွဲ့ အနေနဲ့ နအဖထဲကတွေ့ချင်၊ ဆွေးနွေးချင်တဲ့သူတွေကိုလည်းပြောပါ၊ ရမခက စီစဉ်ပေးမယ်ပေါ့။ လားရှိုးကိုလာရောက်ဖို့ဖိတ်ခေါ်တဲ့စာပဲ" ဟု ပြောသည်။

ဝတပ်ဖွဲ့ခေါင်းဆောင်များဘက်မှမူ နအဖ၏ ကမ်းလှမ်းမှုအပေါ် ယနေ့အထိ မည်သို့မျှ မတုံ့ပြန်သေးဘဲယခုလအစောပိုင်းက နအဖ ထံပို့ထားသည့်မူ(၄)ချက်ကိုဆက်လက်ဆုပ်ကိုင်သွားမည်ဟုဝတပ်ဖွဲ့ခေါင်းဆောင်များနှင့် နီးစပ်သူက ပြောသည်။

၎င်းက "ဝတပ်ဖွဲ့ကမူချထားတယ်အဲဒါကိုလည်း နအဖဘက်ကို ပို့ထားတယ်။ဒေသ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးလမ်းကြောင်းအတိုင်း ဆက်လက်ချီတက်လိုတယ်။ ဝဒေသကိုနိုင်ငံတော်ကခွဲမထွက်ဘူးဝပြည်လွတ်လပ်ရေး မကြေညာဘူး။ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း ထောက်ခံသွားမယ်။ နယ်စပ်ဒေသ အတိုင်းရင်းသား လူမျိုးများနဲ့ လူထုရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ကိုယ်ကျိုးစွန့်လှုတ်ဆောင်ရွက်သွားမယ်ဆိုတဲ့မူ (၄) ချက်ချထားတယ်" ဟု ပြောသည်။

ဝခေါင်းဆောင်ပေါက်ယူချန်းအားလားရှိုးသို့လာရောက်တွေ့ဆုံရန်ယခုနှစ် ဇန်နဝါရီ (၅) ရက်၊ ဖေဖော်ဝါရီ (၆) ရက်နှင့်(၁၄)ရက်တို့တွင် နအဖဘက်က ကမ်းလှမ်းခဲ့မှုကို ပယ်ချ နေခဲ့ရာမှ ဖေဖော်ဝါရီ(၂၆) ရက်တွင် ရှမ်းပြည်မြောက်ပိုင်း၊ တန့်ယန်းမြို့၌တရုတ်အာဏာပိုင်များ၏ ဝင်ရောက်မဖျောင်းဖျပေးမှုအရ ဝခေါင်းဆောင် ပေါက်ယူချန်း ဦးဆောင်သည့် ဝကိုယ်စားလှယ်အဖွဲ့နှင့် စစ်ဖက်ရေးရာ လုံခြုံရေးအရာရှိချုပ်ဒု–ဗိုလ်ချုပ်ကြီး ရဲမြင့်တို့ တွေ့ဆုံခဲ့သော်လည်း နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးမှာယနေ့အချိန်အထိမပြေလည်ဘဲ ဖြစ်နေသည်။

ဝတပ်ဖွဲ့အပါအဝင်အပစ်ရပ်လက်နက်ကိုင်အဖွဲ့များအား နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် နအဖက ယမန်နှစ်၊ ဧပြီ (၂၈) ရက်က် စတင်ကမ်းလှမ်းခဲ့ပြီးနှစ်ဖက်အကြား အကြိမ်ကြိမ်ဆွေးနွေးခဲ့ပြီးဖြစ်သကဲ့သို့ နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ရဇသံပေး၊ နောက်ဆုံးရက်သတ်မှတ်မှုများကို နအဖ ဘက်က အကြိမ်ကြိမ် သတ်မှတ်ခဲ့သည်။



'ဝ' ရဲဘော်အချို့

နယ်ခြားစောင့်တပ်အသွင်ပြောင်းကင်းရန် ဧပြီ (၂၈) ရက်နောက်ဆုံးရက် သတ်မှတ်ခဲ့ပြီးလက်မခံပါက နတရားအသင်း ကြေညာသွားမည်ဟု နအဖဘက်က ပြောဆို ထားခဲ့သော်လည်း ယနေ့အချိန်အထိမည်သည့်တုံ့ပြန် သက်ရောက် မမှုမှ မရှိဘဲ လိပ် ခဲတည်းလည်းဖြစ်နေချိန်တွင် နအဖဘက်ကဝတပ်ဖွဲ့ခေါင်းဆောင် ပေါက်ယူချန်းကိုထပ်မံကမ်းလှမ်းလာခြင်းဖြစ်သည်။

**ပေါက်ပေါက်၊ ခေတ်ပြိုင်**
**၂၄ မေ ၂၀၁၀**

## စာမျက်နှာ ၈ အဆက်

စသူတို့စုစုပေါင်း ၁၆၂ ဦးကို ဧပြီလမှ မေလအတွင်း စစ်တမ်းကောက်ယူမေးမြန်းထားကြောင်း သိရသည်။

လူဦးရေ ၅ သိန်းကျော်နေထိုင်ကြပြီး မြန်မာတနိုင်ငံလုံးအနှံ့ နှစ်စဉ်လိုအပ်သော လက်ဖက်စို၊ လက်ဖက်ခြောက်တို့ကို အဓိကထုတ်လုပ်ပေးလျှက်ရှိကြောင်းလည်းသိရသည်။

တလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏ အထွေထွေအတွင်းရေးမှူး မိုင်းအိုက်ဖုန်းက "လက်ဖက် တောင်သူထောင်ပေါင်းများစွာစီးပွားပျက်ကပ်နဲ့ ရင်ဆိုင်ကြုံတွေ့နေတာ နအဖ စစ်အုပ်စုတို့က ပြည်သူလူထုဖွံ့ဖြိုးတိုးတက်ရေး လုံခြုံဘေးကင်းရေးအတွက် အမှန်တကယ်စီမံခန့်ခွဲအုပ်ချုပ်နိုင်စွမ်း မရှိဘဲ ပြည်သူလူထုအပေါ် တာဝန်ခံမှု တာဝန်ယူမှု လုံးဝမရှိတဲ့ စစ်အုပ်ချုပ်ရေးစနစ်သာ ဖြစ်ကြောင်း သက်သေပြနေတာပါပဲ" ထုတ်ပြန်ချက်တွင် ပြောဆိုထားသည်။ လက်ဖက်တောင်သူ အနည်းဆုံးသုံးသိန်းကျော်မှာအခြေခံစားသောက်ကုန် ဖြစ်သောဆန်၊ ဆီ၊ ဆား ကိုပင်ပုံမှန်မဝယ်ယူ နိုင်တော့ကြောင်းလည်းပါရှိသည်။




လွှက်ဆိုကို အခြောက်ခံနေစဉ်

တအာင်းလူမျိုးတို့သည် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် အဓိကနေထိုင်ကြပြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်း၊ ကလော၊ ပင်လောင်း အစရှိမြို့များရတောင်တန်းများပေါ်တွင် နေထိုင်ကြပြီး ဘိုးစဉ်ဘောင်ဆက် လက်ဖက်လုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကြောင်းနေသည့် တိုင်းရင်းသား လူမျိုးစုဖြစ်သည်။

လူဦးရေ ၅ သိန်းကျော်နေထိုင်ကြပြီး မြန်မာတနိုင်ငံလုံးအနှံ့ နှစ်စဉ်လိုအပ်သော လက်ဖက်စို၊ လက်ဖက်ခြောက်တို့ကို အဓိကထုတ်လုပ်ပေးလျှက်ရှိကြောင်းလည်းသိရသည်။

ယင်းအစီရင်ခံ ထုတ်ပြန်သော တအာင်း(ပလောင်)အဖွဲ့သည် ၁၉၆၂ ခုနှစ် စစ်အာဏာသိမ်းပြီးနောက်ပိုင်းမှစကာ အမျိုးသားလွတ်မြောက်ရေး လက်နက်ကိုင်လှုပ်ရှားမှု၊ နိုင်ငံရေးလှုပ်ရှားမှုများကို ယနေ့အချိန်အထိ နှစ်ပေါင်းများစွာ တော်လှန်လှုပ်ရှားနေကြောင်းလည်း သိရှိရသည်။

။ အစားအစာများ ဆွဲဆောင်မှု ရှိစေ ရန်ဆိုးဆေးများ အသုံးပြုနေကြခြင်းကို ယခုနှစ် မတ်လမှစပြီး ကျန်းမာရေး ဝန်ကြီးဌာနက စစ်အစိုးရသတင်းစာ၌ အန္တရယ်ရှိကြောင်းကြေညာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်က နာမည်ကျော် အရီးတောင်း၊ ပင်ပျိုရွက်နု အပါအဝင် လက်ဖက်တံဆိပ် ၄၀ ကျော် ကို စားသုံးရန် မသင့်ဟု ကြေညာချက် ထုတ်ပြန်ပြီးနောက် လက်ဖက် အရောင်းအဝယ်လုပ်ငန်းများ အေးသွားခဲ့ခြင်းဖြစ်သည်။

**အေးလှဲ့၊ ရှေ့ဝတီ**
**၂၉ ဇွန်လိုင် ၂၀၁၀**

### သစ်တောဦးစီးဌာနမှ ကျေးရွာပိုင် သစ်တောများကို တိုင်းတာမှုပြု

ရှမ်းပြည်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်သစ်တောဦးစီးဌာနမတော အုပ်ဦးတင်တင်ဝင်းဇော်နှင့် တပည့်တပ်သားကျော်သိန်းတို့၏ဦးဆောင်မှုဖြင့်ဇူလိုင် ၇ ရက်နေ့မှ ၁၂ ရက်နေ့အထိ နမ့်ခမ်းမြို့နယ်ရှိအွယ်လောကျေးရွာအုပ်စုနှင့် ကောင်းဝိုင်းကျေးရွာအုပ်စုအတွင်းဒေသခံပြည်သူပိုင်ဖြစ်သည့် သစ်တောများကို တိုင်းတာမှုများပြုလုပ်သွားခဲ့သည်။

ထို အကြောင်းအရာကို ရွာသားတစ်ဦးက သူတို့ကတိုင်းတာတဲ့ ပစ္စည်းကရိယာတွေနဲ့ သုံးပြီး လွယ်လောမ်၊ ကောင်းဝိုင်း၊ မန်ကန်၊မန်ကောင်း၊မန်စပ်ကျေးရွာတစ်လျှောက်ဒေသခံပြည်သူတွေပိုင်တဲ့တောတွေထဲကိုသူတို့ တိုင်းတာသွားတယ်။ဒါပေမဲ့ ဘာအတွက်တိုင်းတယ်ဆိုတာတော့ သူတို့မပြောဘူး။ မေးလို့လည်းမရဘူး။ ရွာ ဥက္ကဌကိုပဲခေါ်ပြီးမေြ

## မန်တုံ ဒေသအတွင်း TNP စည်းရုံးရေးများ ကန့်သတ်ခြင်းခံနေရ

တအာင်း(ပလောင်)အမျိုးသားပါတီ(TNP)စည်းရုံးရေးမှူးများ ကရှမ်းပြည်မြောက်ပိုင်း မန်တုံမြို့ မယကဥက္ကဋ္ဌဦးကျော်ဇင်၏ကန့်သတမိန့်ကြောင့် ဒေသခံပြည်သူများထံမှပါတီအဖွဲ့ဝင်များ ထောက်ခံမဲ ရရှိရန်အတွက် စည်းရုံးရေးဆင်းရာတွင်အဟန့်အတားရှိနေသည်ဟုအမည်မဖော်လိုသူ စည်းရုံးရေးမှူး တစ်ဦးကပြောပြသည်။

၎င်းစည်းရုံးရေးမှူးက “၇ ရက်နေ့ ဇူလိုင်လမှာ မယက ဥက္ကဋ္ဌက မင်းတို့ စည်းရုံးရေးဆင်းချင်းရင် မယက ရုံးကို(၇)ရက် ကြိုတင်ပြီးအကြောင်းကြားရမယ်ဆိုပြီး အမိန့်ထုတ်လိုက်တဲ့ အတွက်ကြောင့် အဲအတိုင်ခင် စည်းရုံးရေးဆင်းနေတဲ့ ပါတီဝင်တွေက ဆက်သွားရမလို၊နောက်ဆုတ်ပေးရမလိုဖြစ်နေတယ်။ နောက်ထပ်ဆက်ဆင်းရမဲ့သူတွေလည်းကိုယ်ဘယ်လိုသွားပြီးစည်းရုံးမလဲ ရွာသားတွေဆီကိုဘာတွေသွားပြောမလဲဆိုတဲ့ အချက်လက်နဲ့ အစီစဉ်တကျရေးပေးရမယ်ဆိုတော့ ကျနော်တို့က စိုးရိမ်နေကြတယ်”

“အခုဟာက ရွေးကောက်ပွဲကော်မရှင်ကထုတ်တာလည်း မဟုတ်ဘူးလေ။ ပြီးတော့(၇)ရက်ကြိုတင်ပြီးအကြောင်းကြားရမယ်ဆိုတဲ့အမိန့် ကလည်း ကြံ့ ခိုင်ဖွံ့ဖြိုးရေပါတီတွေအပေါ်တော့ ဘာမှ မသက်ရောက်သလိုဖြစ်နေတယ်။ ကြံ့ ခိုင်ရေးပါတီတွေက ပြီးခဲ့တဲ့ (၆) လပိုင်းကတည်းက စည်းရုံးရေးဆင်းနေတယ်။ မခုလည်းသူတို့ မိုင်းမော်ရွာ(နမ့်ဟိုင်း) ဘက်ဆင်းနေတာဘဲ။ သူတို့ကျတော့ မယက ရုံးကို အကြောင်းကြားစရာ မလိုဘူးတဲ့ဗျာကျနော်တို့က အမိန့်မထုတ်ခင်(၁) ရက်(၂) ရက်ဆင်းနေတဲ့ ပါတီအဖွဲ့ဝင်တွေ တစ်ခုခုဖြစ်မှာ လည်းစိုးရိမ်နေကြတယ်” သူကဆက်ပြောသည်။

မန့်တုံမြို့နယ်အတွင်းရှိ ကျေးရွာများနေပြည်သူများအကြားကြံ့ ခိုင်ရေပါတီဝင်များ မည်သူ့ထောက်ခံ ချက်နှင့် ခွင့်ပြုချက်မှ ယူစရာမလိုဘဲ လွတ်လွတ်လပ်လပ် စည်းရုံးရေးဆင်းခွင့်ရနေပြီး အဘယ်ကြောင် တအာင်း(ပလောင်)အမျိုးသားပါတီ (TNP) နှင့်အခြားပါတီများက စည်းရုံးရေးဆင်းရခြင်း၏ အချက်အလက်များကို မယက ရုံးသို့ ရေးပေးရသလဲဟု တချို့ဒေသခံများ ဝေဖန်းသုံးသပ် မှုများရှိနေသည်ဟု သိရသည်။

မယက ဥက္ကဋ္ဌ ဦးကျော်ဇင် ထုတ်ပြန်လိုက်သည့်အမိန့် အရ စည်းရုံးရေးဆင်းမည်ဆိုပါက(၇) ရက် ကြိုတင်အကြောင်းကြားရမည်ဟုသောအမိန့်သည် မိမိတို့ ပါတီနှင့် အခြားပါတီနှင့် အခြားပါတီပါ ဟန့်တားမှုဖြစ် စေသည့်သည့်အပြင် တရားမျှတမှုလည်းမရှိ ရွေးကောက်ပွဲဥပဒေနှင့်လည်းမဆိုင် ကြံ့ခိုင်ရေးပါတီကို ကာကွယ်ပေးသည့်အမိန့်သာ ဖြစ်သည်ဟုပါတီအဖွဲ့ဝင်များကဝေဖန်ပြောဆိုမှုရှိနေကြောင်းသိရသည်။

*၁၈ ဇူလိုင် ၂၀၁၀*

### စာမျက်နှာ ၉ မှ အဆက်

တိုင်းမဲ့အကြောင်းနဲ့ အိပ်ဖို့ နေရာစီစဉ်ထားပါလို့ ဘဲပြောသွားတယ်”ဟု ပြောပြသည်။

လွယ်လောမ် ရွာသားတစ်ဦးကလည်း “သူတို့ဘာအတွက်လုပ်မယ်ဆိုတာကိုကျနော်တို့မသိရတော့စိုးရိမ်ရတာပေ့ါနော်။ သူတို့တိုင်းတာသွားတဲ့ တောခင်းတွေဆိုရင် ရွာကလူတွေ မိသားစုရှေ့ရေးအတွက်ဆိုပြီး မခုတ်ရဲသေးဘဲ ချန်ထားတဲ့ သစ်တောကြီးဖြစ်တဲ့အခါကျတော့အခုဆိုရင် ရွာသားတွေက ခုတ်ယူပြီးကိုယ့်အိမ်ကိုသယ်ပြန်ကြတာပါပဲ။ ဘာဖြစ်လဲဆိုတော့ တကယ်လို့ သူတို့ စီမံကိန်းတစ်ခုခုလုပ်တာဖြစ်မယ်ဆိုရင်သူတို့ သစ်ပင်တွေကို ခုတ်မှာဘဲလေ။ အခုတော့ သစ်တောများကိုရှေ့ဘက်ကိုပဲ တိုင်းသွားတယ်။ အကျယ်တော့ တိတိကျကျတိုင်းတာမတွေ့ဘူး။ကျနော်ထင်တာကတော့ သူတို့ စီမံကိန်းတစ်ခုခုအဖြစ် လာတိုင်းတာသွားတယ်လို့ဘဲထင်ပါတယ်” ဟု ပြောပြသည်။

ယခင်က ရွှေလီရေကာတာစီမံကိန်းကြောင့် ရွှေလီရေကာတာအနီးနားတစ်ဝိုက်တွင်ရှိသောကျေးရွာပြည်သူများ၏ လယ်မြေများနှင့်အသက်မွေးဝမ်းကျောင်းအဖြစ် မှီခိုအားထားနေသော ရွှေလီမြစ်ကို ပိတ်ပြီးရေကာတာတည်ဆောက်ခဲ့သည့်အပြင် စီမံကိန်းဖြစ်မြောက်ရေးအတွက် လုပ်အားပေးခိုင်းစေခြင်းကိုလည်း မကြာခဏကြုံတွေ့ရပြီး ယခုလိုရွာပိုင် သစ်တောနှင့် နယ်မြေတွေ တိုင်းတာမှုရှိခြင်းသည် စီမံကိန်းတစ်ခု ထပ်တိုးလာမည်ကို အလွန်ပင်စိုးရိမ်နေရသည်။

အဆိုပါတိုင်းတာမှုနှင့် ပတ်သတ်၍ သစ်တောတာဝန်ခံမှတစ်စုံတရာပြောပြခြင်းမရှိသော်လည်း ရွာသားအများစုကတရုတ်ကိုရောင်းချပေးမည့်ဂစ်ပိုက်လိုင်းကဲ့သို့ ဖြစ်သောအစိုးရ စီမံကိန်းတစ်ခုခုအတွက် ပြင်ဆင်ခြင်းဖြစ်နိုင်သည်ဟုပြောပြသည်။

*၁၉ ဇူလိုင် ၂၀၁၀*

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

## ပလောင်ခေါင်းဆောင် ဒု ဥက္ကဋ္ဌ တာညီလုံ

ဒု ဥက္ကဋ္ဌ တာညီလုံ၏ တော်လှန်ရေးနောက်ခံသမိုင်းအကျဉ်းပြည်တွင်းစစ်မီးတောက်လောင်ချိန် ၁၉၅၁ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပန်ခါးကျေးရွာ အွှည်လောအုပ်စု နမ့်ခမ်းမြို့နယ် ရှမ်းပြည် မြောက်ပိုင်းတွင် ဦးဆွယ်ဆိုင်၊ (အမိ)ဒေါ်အမ်တို့၏ ဒုတိယမြောက် သားရတနာအဖြစ် မွေးဖွားသန့်စင်ကာ ပန်ခါးကျေးရွာမူလတန်းကျောင်းတွင် တတိယတန်းအထိ ပညာသင် ကြားခဲ့သည်။

ဗကပ၊ ကေအိုင်အေ၊ အက်စ်အက်စ်အေ၊ ပလောင် အမျိုးသားတပ်ဦးနှင့် ဗိုလ်ချုပ်နေဝင်း ဦးဆောင်သော ဗမာ့ တပ်မတော်တို့ အပြိုင်အဆိုင် စစ်မကခင်းနေကြသည့် ပြည်တွင်းစစ်ဘေးဒဏ်ကြောင့် ကျောင်းပညာ ဆက်လက်မသင်ကြားရပဲ ၁၉၆၆ ခုနှစ်တွင် ပလောင်အမျိုးသားတပ်ဦး (PNF) သို့ စတင် ဝင်ရောက်ကာ စစ်မှုထမ်းခဲ့သည်။



*အစည်းအဝေးတခုတွင် တက်ရောက်ဆွေးနွေးနေသည့် ဒု ဥက္ကဋ္ဌ တာညီလုံး*

မျိုးချစ်စိတ်ဓါတ်ကိုအရင်းတည်၍ငယ်ငယ်ရွယ်ရွယ်နှင့်စစ်မှုထမ်းလာခဲ့သော တာညီလုံသည် အခြေခံစစ်သင်တန်းကို စနစ်တကျမတတ်ရပဲစစ်မြေပြင်တွင်ရန်သူများကိုရင်ဆိုင်တိုက်ခိုက်ရင်းစစ်ပညာကိုသင်ကြားခဲ့ရသည်။ ၁၉၇၃ ခုနှစ်တွင် တိုင်းရင်းသားတပ်ပေါင်းစုတို့၏စစ်ရေးမဟာမိတ်မှထိုင်းမြန်မာနယ်စပ် ကရင်နယ်မြေ အတွင်းတွင် ကြီးမှူးကျင်းပသော ကြေးနန်းနှင့် ဆက်သွယ်ရေးသင်တန်း ၊ ဆေးသင်တန်း၊ စစ်သင်တန်း နှင့် နိုင်ငံရေးသင်တန်းများ၊ မဟာမိတ်သင်တန်းများကိုဒုတပ်ကြပ်အဆင့်ဖြင့်(PNF)ကိုယ်စား ထူးချွန်အောင်မြင်စွာတက်ရောက်ခဲ့ပါသည်။

၁၉၇၃ ခုနှစ်တွင် ပလောင်ဒေသအတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီး အမှတ် (၂) စစ်ဗျူဟာဒေသတွင် တပ်ကြပ်အဆင့်မှ တပ်ကြပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခံခဲ့ရသည်။ အမှတ် (၂) စစ်ဒေသအတွင်း ပေးအပ်သည့် တာဝန်များကို ကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့သည့်အတွက် ဒုတိယဗိုလ်အဆင့်အထိ ရာထူးတိုးမြှင့်အပ်နှင်းခြင်းခံရပြီး စစ်ရေးတာဝန် အုပ်ချုပ်ရေးတာဝန်၊ ပြည်သူ့ရေးရာတာဝန်တို့ကိုကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့သည်။

၁၉၇၃ တွင်ဗိုလ်အဆင့်သို့ တိုးမြှင့်ခြင်းခံခဲ့ရပြီး (PSLA) တပ်ရင်း (၁) တပ်ခွဲ (၁) ၏ တပ်ခွဲမှူးအဖြစ် တာဝန် ထမ်းဆောင်ခဲ့သည်။ကချင်နှင့်ပလောင်လူမျိုးတို့အပြန်အလှန်သတ်ဖြတ် နေကြသော ရက်စက်မှုကြီးကို အဆုံးသတ်နိုင်ရင်အတွက်(PSLA)ဥက္ကဋ္ဌတာခွန်သောင်း၊ အတွင်းရေးမှူး တာအုန်းခိုင်တို့ ကြိုးပမ်းခဲ့ကြသည့် ကချင် ပလောင် ထာဝရမဟာမိတ် စာချုပ်ချုပ်ဆိုရာတွင် တာညီလုံးသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် မဟာမိတ်ဆက်ဆံရေးလုပ်ငန်းများကို အရှိန်မြှင့်လုပ်ရှားရာတွင် အဓိကပါဝင်ခဲ့ပြီး၊ ကချင်လွတ်လပ်ရေးတပ်မတော် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (မဒတ) တို့နှင့် စစ်ဆင်ရေးပူးပေါင်းဆောင်ရွက်ခြင်း၊ စစ်ရေးသင်တန်းများ ပူးပေါင်းကျင်းပခြင်းများပြုလုပ်ခဲ့သည်။ ၁၉၇၇ ခုနှစ်တွင် သူနာပြုတပ်ဖွဲ့ ဆရာမ ဒေါ်နန်းဆိုင်းနှင့် ထိမ်းမြားလက်ထပ်ခဲ့ပြီး သား(၃) ယောက်ထွန်းကားခဲ့သည်။

၁၉၈၃ ခုနှစ်တွင် ဗိုလ်ကြီးအဆင့်ဖြင့် ရာထူးတိုးမြှင့် အပ်နှင်းခြင်းခံရပြီး ဗဟိုဌာနချုပ်သို့ ပြောင်းရွှေ့တာဝန်ပေးအပ်ခြင်းခံရသည်။ ဗဟိုဌာနချုပ်တွင်ပေးအပ်သည့် တာဝန်များကို စွမ်းစွမ်းတမံကျေပြွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင့်ကြောင့် ဗိုလ်ကြီးအဆင့်သို့ရာထူးတိုးမြှင့်ခြင်းခံရပြီးဒုတိယစစ်ဦးစီးချုပ်၊ ဗဟိုကောင်မတီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းနောက်တွင် စစ်ကော်မရှင် (အဖွဲ့ဝင်) အဖြစ်လည်းကောင်း၊ နိုင်ငံရေးမှူး တာ

ဝန်အဖြစ်လည်းကောင်း၊ ပူးတွဲတာဝန်ပေးအပ်ခြင်း ခံရသည်။ ၁၉၉၀ ခုနှစ်တွင် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးချုပ်၊ စစ်ကော်မရှင်ဥက္ကဋ္ဌ တာဝန်များကို ပူးတွဲတာဝန် ထမ်းဆောင်ခဲ့သည်။

၁၉၉၁ ခုနှစ် စစ်အုပ်စုနှင့် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် အပစ်အခတ်ရပ်စဲရေးလုပ်ပြီးနောက်ပိုင်းတွင်ဒု ဥက္ကဋ္ဌ အဖြစ်ခန့်အပ်ခြင်းခံခဲ့ရပြီး စစ်ဦးစီးချုပ်တာဝန်ကိုလည်း တပါတည်းတာဝန် ထမ်းဆောင်ခဲ့ရသည်။ ၁၉၉၁ ခုနှစ် နောင်ပိုင်းတါင် ငြိမ်းချမ်းရေးရယူပြီးဒေသဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ မဟာမိတ်ရေးရာ တာဝန်ခံများကို ဆက်လက်၍ပူးတွဲ တာဝန်ထမ်းဆောင်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် "ပလောင်အမျိုးသားလွတ်မြောက်ရေးတော်လှန်ရေးကို ကိုယ်တွေ့ဖြစ်ရပ်များ"စာအုပ်ကို ပြုစုရေးသားခဲ့သည်။ နအဖစစ်အုပ်စုတို့၏ တာဆီးကန့်သတ်မှုများကြောင့် ပုံနှိပ်စက်ဖြင့် စနစ်တကျပုံနှိပ်ဖြန့်ဝေခြင်း မပြုလုပ်နိုင်ပဲ အဖွဲ့အစည်းတွင်းတွင် သာလျှို့ဝှက် ဖြန့်ဝေခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် မဟိုကော်မတီ ဒုတိယ ဥက္ကဋ္ဌ မဟာမိတ်ရေးရာတာဝန်ခံအပြင် ဗဟိုစီးပွားရေးနှင့် ဆက်ဆံရေးဌာန ကြီးမှူးအဖြစ် လားရှိုးမြို့သို့ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ဒုဥက္ကဋ္ဌတာညီလုံးသည် တိုင်းရင်းသားစစ်ရေးမဟာမိတ်များကျင်းပသည့်မြောက်ပိုင်းဒေသ စစ်ရေးသင်တန်းများတွင်စစ်ရေးသင်တန်းများအခါသင့်သလိုပို့ချပေးခဲ့သည်။



၁၉၉၄ ခုနှစ် ရှေ့တန်းမှ ပြန်လာကြသော *PSLA* ရဲဘော်များကို ကြိုဆိုနေကြသည့် တအာင်းရဲမေများနှင့် တအာင်းပြည်သူများ

အခြားတိုင်းရင်းသား အပစ်အခတ်ရပ်စဲရေးအဖွဲ့များနှင့် ပူးပေါင်းကာ နအဖအမျိုးသားညီလာခံနှင့် စပ်လျဉ်းသည့် သဘောထားထုတ်ပြန်ကြေညာခြင်း၊ စစ်ရေးပြင်ဆင်မှုများလျှို့ဝှက်လုပ်ဆောင်မှု တို့ကြောင့် နအဖ စစ်အုပ်စုတို့၏ ဖိအားပေးမှုကို အမျိုးမျိုးခံခဲ့ရပြီး ၂၀၀၀ ခုနှစ်တွင် စစ်ဦးစီးချုပ်ရာထူးကိုစွန့်လွှတ်ကာ ဗဟိုစီးပွားရေးနှင့်ဆက်ဆံရေးဌာန ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ပြောင်းလဲ ခန့်ထားခြင်းခံရသည်။ ဒုဥက္ကဋ္ဌ တာညီလုံးသည် ပလောင်ပြည်နယ်လွတ်မြောက်ရေး တပ်မတော် ဌာနချုပ်ရှိရာ မန်တုံမှ လားရှိုးမြို့သို့ ရွှေးပြောင်းအခြေချကာ ကျရာ တာဝန်ကိုဆက်လက်ထမ်းဆောင်ခဲ့သည်။

**၂၀၀၄ မေလ ၁၇ ရက်နေ့တွင် ပြန်ညလကျင်းပသော နအဖအမျိုးသားညီလာခံသို့ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်အား အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့၌ အထူးဒေသ (၇) ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်အဖြစ် ဦးဆောင်တက်ရောက်ခဲ့ပြီး၊၂၀၀၇စက်တင်ဘာလတွင်နောက်ဆုံးကျင်းပခဲ့သည့်ညီလာခံ သို့လည်းပလောင်တိုင်းရင်းသားကိုယ်စားလှယ်အဖြစ်တက်ရောက်ခဲ့သည်။ ဒု-ဥက္ကဋ္ဌ တာညီလုံးသည် နအဖ အမျိုးသားညီလာခံ စတင်ကျင်းပသည့် ၁၉၉၃ ခုနှစ်ကတည်းကပင် ညီလာခံကိုယုံကြည်မှုမရှိသောကြောင့် ကိုယ်စားလှယ် အဖြစ်တက်ရောက်ရန် ငြင်းဆန်ခဲ့သည်။**

၂၀၀၅ ခုနှစ်တွင်ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် ခေါင်းဆောင်များအကြား ညီညွတ်မှုပြိုကွဲစေရန် နအဖ၏သွေးခွဲလုပ်ဆောင်မှုများကြောင့် ခေါင်းဆောင်အတွင်းအကြပ်အတည်းအခက်အခဲများ ကြီးမားစွာရင်ဆိုင်ခဲ့ရသည်။ ဒုဥက္ကဋ္ဌ တာညီလုံး အပြင်းအထန် တားဆီးကန့်ကွက်သည့်ကြားကပင် ၂၀၀၅ ဧပြီလ ၂၉ရက်နေ့တွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော်ကို ဖျက်သိမ်းကာ နအဖစစ်အုပ်စုကမန်တုံမြို့တွင် အတင်းအကြပ်လက်နက်အပ်ခြင်း ပြုလုပ်ခဲ့သည်။

**၁၉၉၁ ခုနှစ် အပစ်အခတ်ရပ်စဲရေးပြုလုပ်ပြီး နောက်ပိုင်း ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် အနေဖြင့်စစ်အင်အားတိုးချဲ့ပြင်ဆင်ခြင်း၊ စစ်ရေးလှုပ်ရှားမှုပြုခြင်း၊ အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် မဟာမိတ်ပြုခြင်းများ မပြုလုပ်ရသောကြောင့် ပလောင်မျိုးသားအရေးကို ဆက်လက်လှုပ်ရှားနိုင်ရင်အတွက် ကရင်ပြည်နယ်မာနယ်မလောတွင် ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး ဖွဲ့စည်းထူထောင်ရာတွင် အဓိကရှေ့ဆောင်လမ်းပြအကြံပေးခဲ့သူမှာ ဒုဥက္ကဋ္ဌ တာညီလုံးပင်ဖြစ်သည်။**

ဒုဥက္ကဋ္ဌ တာညီလုံးသည် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး၏နိုင်ငံရေး၊ စစ်ရေးလှုပ်ရှားမှုများကို လူအင်အား၊ ငွေအင်အားအကြံဉာဏ်များဖြင့် ယခုကွယ်လွန်သည်အထိတိုင်အောင် အဖက်ဖက်မှပံ့ပိုးကူညီခဲ့သော ပလောင်မျိုးချစ်တော်လှန်ရေးအာဇာနည်ခေါင်းဆောင်ကြီးဖြစ်ပါသည်။

တအောင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး ထုတ်ဝေသည်




ဒု ဥက္ကဋ္ဌ တာညီလုံး၏ ငယ်ရွယ်စဉ်

**("၁၉၉၇ ခုနှစ်တွင် "ပလောင်အမျိုးသားလွတ်မြောက်ရေးတော်လှန်ရေးကို ကိုယ်တွေ့ဖြစ်ရပ်များ"စာအုပ်ကို ပြုစုရေးသားခဲ့သည်။ နအဖစစ်အုပ်စုတို့၏ တာဆီးကန့်သတ်မှုများကြောင့် ပုံနှိပ်စက်ဖြင့် စနစ်တကျပုံနှိပ်ဖြန့်ဝေခြင်း မပြုလုပ်နိုင်ပဲ အဖွဲ့အစည်းတွင်းတွင် သာလျှို့ဝှက် ဖြန့်ဝေခဲ့သည်။")**

ဒု ဥက္ကဋ္ဌ တာညီလုံးသည် PSLA တပ်ဖွဲ့တွင် ဗိုလ်မှူးချုပ်အဆင့်အထိရာထူးတိုးမြင့်အပ်နှင်းခြင်းခံရပြီး ၂၀၀၈ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့ (၁၃း ၀၀)နာရီ ကွယ်လွန်သွားသည့်အချိန်ထိ ပလောင်ပြည်နယ် လွတ်မြောက်ရေးပါတီ တဖြစ် ပလောင်တိုင်းရင်းသားအဖွဲ့အစည်း၏ ဒုတိယ ဥက္ကဋ္ဌ တာဝန်ကိုလည်းကောင်း၊ ဗဟိုစီးပွားရေး နှင့် ဆက်ဆံရေး ဌာနကြီးမှူး တာဝန်ကိုလည်းကောင်း၊ မဟာမိတ်ရေးရာ တာဝန်ခံအဖြစ်လည်းကောင်း၊ ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး၏ ဂုဏ်ထူးဆောင်နာယကအဖြစ်လည်းကောင်းတာဝန်ထမ်းဆောင်ခဲ့သည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် ဒုဥက္ကဋ္ဌ တာညီလုံးသည် ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့၊ နေ့လည် ၁ နာရီခန့်အချိန်တွင် အသည်းကင်ဆာရောဂါဖြင့် လားရှိုးမြို့ ငြိမ်းချမ်းရေးလမ်းရှိနေအိမ်၌ ကွယ်လွန်သွားကြောင်းသိရှိရသည်။ကွယ်လွန်ချိန်တွင်ဇနီးဒေါ်နန်ဆိုင်းနှင့် အတူ သားသုံးဦး သမီးတစ်ဦး၊ မြေး (၂)ဦးကျန်ရစ်ခဲ့သည်။ တာညီလုံး၏ရုပ်ကလာပ်ကို ၂၀ ရက် ဖေဖော်ဝါရီလ ၂၀၀၈ တွင် လားရှိုးသုသာန်၌ မြေမြှုပ် သံဂြိုဟ်ခဲ့ပါသည်။

## အိုင်စတိုင်း၏ ကမ္ဘာပြည်သူအဘိဓမ္မာ

အဲလ်ဘတ်အိုင်စတိုင်းကိုလူလတတ်တန်းစားဂျူးလူမျိုးမိဘများမှ ဂျာမနီနိုင်ငံ၌ ၁၈၇၉ခုနှစ်တွင် မွေးဖွားခဲ့သည်။ ၂၀ ရာစု၏အကျော်ကြားဆုံးသိပ္ပံပညာရှင်အဖြစ်သာ သမိုင်းတင်ခံရသော အိုင်းစတိုင်း၏ နိုင်ငံရေးအဘိဓမ္မာကို ကြည့်လျှင် လွတ်လပ်ရေး၊ငြိမ်းချမ်းရေးနှင့် ပြဟ္မစိုရ်တရားထွန်းကားရေးတို့နှင့်သာ ထုံမွှမ်းထားသည်ကို တွေ့နိုင်သည်။

အိုင်းစတိုင်း၏ နိုင်ငံရေးအမြင်များက အတော်ပင်ရိုးရှင်းပါသည်။ နိုင်ငံများ လက်တွဲပူးပေါင်းခြင်ဖြင့် စစ်ပွဲများကိုတားဆီးရေး၊ လူသားတိုင်းကိုတန်းတူရည်မျှ ဆက်ဆံကြရေးဟူသောဘာဘောထားတို့အပေါ်အခြေခံထားခြင်း ဖြစ်သည်။သို့သော်ခက်နေသည်မှာ လူတွေက ထိုစိတ်ကူးအတိုင်း တကယ်လုပ်ကြဖို့ဖြစ်သည်။အရှေ့အလယ်ပိုင်းဒေသတွင် ဂျူးလူမျိုးများအခြေချနေထိုင်စရာနိုင်ငံတစ်နိုင်ငံဖန်တီးရေးကို သူကထောက်ခံသည်။သို့သော် ဂျူးနှင့်အာရတို့အကြား အပြန်အလှန် ကူညီယိုင်းပင်းကြဖို့ လိုအပ်သည်ဟု သူက အလေးအနက်ထောက်ပြခဲ့သည်။ကုလသမဂ္ဂအနေဖြင့် စစ်ပွဲတွေကို ဟန့်တားနိုင်လောက်သည့်အခွင့် အာဏာရှင် မရှိမှာကိုလည်းသူကစိုးရိမ်ပူမန်မိသည်။နိုင်ငံသားအခွင့်အရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်




အဲလ်ဘတ်အိုင်စတိုင်း ပုံသေနည်းကို တီထွင်နေစဉ်

ရရှိရေးတို့ကို အကာအကွယ်ပေးကြဖို့ လိုအပ်သည်ဟုလည်း သူက ဆော်ဩခဲ့သေးသည်။

***(၂၀ရာစု၏ ဉာဏ်ကျော်ကြားဆုံးသိပ္ပံပညာရှင်အဖြစ်သာ သမိုင်းတင်ခံရသော အိုင်းစတိုင်း၏ နိုင်ငံရေးအဘိဓမ္မာကိုကြည့်လျှင် လွတ်လပ်ရေး၊ငြိမ်းချမ်းရေးနှင့် ဖြတ်မှုရိုရိုတရားထွန်းကားရေးတို့နှင့်သာ ထုံမွှမ်းထားသည်ကိုတွေ့နိုင်သည်။)***

သို့သော်လည်းဆိုရှယ်လစ်ဝါဒ၊ မက္ကာသီဝါဒ(McCarthyism) နှင့်လူမျိုးရေးတို့အပါအဝင် အခြားပြဿနာတွေအပေါ် အိုင်းစတိုင်း၏အယူအဆများမှာအငြင်းပွားစရာတွေဖြစ်လာခဲ့သည်၊ ပဋိပက္ခ ဘယ်လောက် ပြင်းထန်သလဲဆိုမူ အမေရိကန်အစိုးရကပင် သူ့ကို ကွန်မြူနစ်သူလျှိုဖြစ်နိုင်သည်ဟုမှတ်ချက်ချထားရသည်။ သို့တိုင်အောင် လွတ်လပ်ရေး၊ တရားမျှတရေး ဟူသော အခြေခံမှုများမှာ နည်းနည်းမျှ နောက်မတွန့်ခဲ့ပေ။ "ကျုပ်တို့ လုပ်နိုင်သလောက်အကောင်းဆုံးလုပ်သွားရမှာပဲ။ အဲဒါ မွန်မြတ်တဲ့တာဝန်ယူမှုဖြစ်တယ်"ဟုလည်းဆိုခဲ့သေးသည်။

တစ်ကမ္ဘာလုံး ငြိမ်းချမ်းရေးကို ပြင်းပြစွာ မွတ်သိပ်မှုကြောင့် တစ်ခုတည်းသော ကမ္ဘာ့အစိုးရအဖွဲ့ကြီးတစ်ဖွဲ့ ဖန်တီးရေးအဆကိုအိုင်းစတိုင်းက လိုက်လိုက်လှဲလှဲ ထောက်ခံခဲ့သည်။ မျက်ကန်းမျိုးချစ်ဝါဒက ဆူပူသောင်းကျန်းမှုတွေ ဖြစ်လာစေသည်ဟု တွေးမိသည်။ ဂျာမနီနိုင်ငံသားအဖြစ် ရှိခဲ့စဉ်က အစွန်းရောက် နေရှင်နယ်လစ်ဇင်းဟာ ကူးစက်ရောဂါပဲ ပျံ့သွားနိုင်ပြီး၊ လူသန်းပေါင်းများစွာအတွက် ကြေကွဲဖွယ်ရာတွေ သယ်ဆောင်ပေးခဲ့တာကို ကျွန်ုပ်ကိုယ်တိုင် မျက်ဝါးထင်ထင်တော့ခဲ့ရသည်" ဟုအိုင်းစတိုင်းက မှတ်တမ်းရေးခဲ့သည်။ ထိုရောဂါကို တိုက်ဖျက်ဖို့အတွက် နိုင်ငံများအကြား ပိုင်းခြားထားသည့် နယ်နိမိတ်မျဉ်းများကို ဖျက်သိမ်းပြီး၊ တစ်နိုင်ငံ ချင်းအပေါ် အချုပ်အခြာအာဏာပိုင်သည့် အပြည်ပြည်ဆိုင်ရာ အစိုးရတစ်ဖွဲ့ တည်ထောင်ဖွဲ့စည်းခြင်းဖြင့် နေရှင်နယ်ဆန်လွန်းသော အမြင်ကျဉ်းသည့်အစွဲအလမ်းတွေကို ဖျောက်ပစ်စေချင်သည်။

သို့နှင့်ပထမကမ္ဘာစစ်အတွင်းက'ဥရောပပြည်ထောင်စု' တည်ထောင်ရေးကိုအားတက်သရောထောက်ခံခဲ့သည်။ သို့သော်ပြင်သစ်သမ္မတ ပိုလ်ချုပ်ကြီးဟောင်း ချားလ်စ်ဒီဂေါလ်ပြောဖူးသလို"ဒိန်ခဲမျိုးပေါင်း၃၈၅မျိုးထုတ်လုပ်နေကြသည့်ဥရောပနိုင်ငံများကို"တစ်ပေါင်းတစ်စည်းတည်းပြုရေးမှာ အထမမြောက်နိုင်ခဲ့ပေ။ မည်သို့ဆိုစေ အိုင်းစတိုင်းကမူ နိုင်ငံနယ်နမိတ်တွေ ပိုင်းခြားထားသည်ကို အသိအမှတ်မပြုပေ။

အမှန်တကယ်တော့လူသားမျိုးနွယ်အပေါ်မှာ သစ္စာစောင့်သိရမှာမပြုပေ။အမှန်တကယ်တော့ လူသားမျိုးနွယ်အပေါ်မှာသစ္စာစောင့်သိရမှာဖြစ်သည်ဟု ယုံကြည်ထားသည်။ သူကိုယ်တိုင်၏ အမွှာပြည်သူ (Global citizen) ရပ်တည်ချက်ကိုဖော်ပြရာ၌"ကျွန်တော်ဟာအဆက်အနွယ်ကတော့ ဂျူးနိုင်ငံသားအနေနဲ့ ဆွစ်၊ ဖြစ်တည်မှုအရ လူသတ္တဝါ။ဘယ်လိုပဲဖြစ်ဖြစ် ဘယ်နိုင်ငံ၊ ဘယ်လူမျိုးဆိုတဲ့အစွဲအလမ်းရယ်မထားပါဘူး"ဟု ဖော်ထုတ်ရေးသားခဲ့သည်။ အမေရိကန်ပြည်ထောင်စုသို့မပြောင်းရွှေ့မီကာလအတါင်း အိုင်းစတိုင်းသည်ဥရောပနိုင်ငံများတွင်လှည့်လည်နေထိုင်ခဲ့ဖူးသည်။နာဇီတို့ကြီးစိုးနေသည့် ဂျာမနီနိုင်ငံမှ ၁၉၃၃ခုနှစ်တွင်ထွက်ပြေးလာကာအမေရိကန်ပြည်ထောင်စု၊ နယူးဂျာစီပြည်နယ်၊ ပရင့်စတန်မြို့ကလေး တွင် အခြေချနေထိုင်ခဲ့ပြီး၁၉၄၀ပြည့်နှစ်ရောက်မှ အမေရိကန်နိုင်ငံသားအဖြစ် ခံယူခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ငြိမ်းချမ်းရေး အရှည်တည်တံ့စေရန်အတွက် ကမ္ဘာလုံးဆိုင်ရာအစိုးရဖွဲ့စည်းသည့်နည်းလမ်းကိုသာ အသင့်လျော်ဆုံးအဖြစ်အိုင်းစတိုင်းကရှုမြင်ထားသည်။ သို့တိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကဲ့သို့အဆိုပါကမ္ဘာလုံးဆိုင်ရာ အစိုးရသည်လည်း အနာဂတ်စစ်ပွဲများကိုမဟန့်တားနိုင်မှာ ကြောင့်ကြနေမိသေးသည်။အိုင်းစတိုင်း၏အမြင်မှာနိုင်ငံတစ်နိုင်ငံချင်းမှ ခေါင်းဆောင်အသီးသီးက နိုင်ငံအဆင့်ထက်မြင့်သည့်တစ်ခုတည်းသောကမ္ဘာ့အစိုးရအဖွဲ့ကြီး၏ဩဇာကို နာခံကြမှသာကမ္ဘာ့ငြိမ်းချမ်းရေးအတွက် အာမခံနိုင်ကြမည်ဟုယုံကြည်ထားခြင်းဖြစ်သည်။

အိုင်းစတိုင်းက နိုင်ငံရေးပြဿနာရပ်များအပေါ်သုံးသပ်ထောက်ခံမှုတွေလုပ်ဖန်များလာသောအခါ အမေရိကန်အစိုးရအဖွဲ့မှ တာဝန်ရှိသူအတော်များများက သူ့ကိုအတိုက်ခံတစ်ဦးအဖြစ် တံဆိပ်ကပ်လာကြသည်။ သူက ဆိုရှယ်လစ်ဝါဒကို ထောက်ခံကြောင်းရေးသားခဲ့ရာ၌ အရင်းစရှင်စနစ်ကို "စီးပွားရေး မင်းမဲ့ဝါဒ" ဟုဖော်ပြခဲ့သည်။ တစ်ဖက်က ထိုသို့ရေးသားပြီး၊ အဏုမြူလက်နက်ဖျက်သိမ်းရေး၊ ပြည်သူ့အခွင့်အရေးတို့ကိုလည်း ထောက်ခံဆော်ဩခဲ့ရာ အိုင်းစတိုင်းသည် ၁၉၅၀ ပြည့်လွန်နှစ်များ၏ အပြင်းစားအတိုက်အခံကြီးဖြစ်လာရသည်။ ထိုကာလမှာ အမေရိကန်ပြည်ထောင်စု၌ အမေရိကန် မဆန်သောလှုပ်ရှားမှုများဆိုင်ရာကော်မတီနှင့် ဆီးနိတ်အမတ်ဂျိုးဇက်မက္ကာသီ တို့က မဲမဲမြင်သမျှ

တအောင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်

တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးမှ ထုတ်ဝေသည်



အိုင်စတိုင်း၏ ငယ်စဉ်ပုံ

ကွန်မြူနစ်တွေအဖြစ် စွပ်စွဲနေချိန်ဖြစ်သည်။ သို့နှင့် အစိုးရဆန့်ကျင်ရေး လုပ်ရှားမှုများဟု အက်ဖ်ဘီအိုင်အဖွဲ့ကြီးက စွပ်စွဲထားသော အိုင်စတိုင်း၏ လှုပ်ရှားမှုများအကြောင်း စာမျက်နှာပေါင်း ၁၅၀၀ နီးပါးမျှ ဖော်ပြထားသည့်အမှုတွဲကို တင်သွင်းခဲ့သည်။

မည်သို့ရှိစေ အိုင်စတိုင်းက နောက်မတွန့်ခဲ့။ ဤသိအမြင်ဆိုင်ရာ လွတ်လပ်မှုအတွက် အရှိန်မပျက် ဆက်လက်ကြိုးပမ်းမြဲဖြစ်သည်။ သူက "ကျွန်တော်ဘယ်တုန်းကမှ ကွန်မြူနစ်မဟုတ်ခဲ့ဘူး။ တကယ်လို့ဟုတ်ခဲ့တယ်ဆိုရင်လည်းအဲဒီအတွက် ရှက်စရာမဟုတ်ပါဘူး" ဟု ဆိုသည်။ မက္ကာသီဝါဒ၏အကျိုးဆက်များအပေါ် သူအတော်ပင် စိတ်ပျက်လက်ပျက် ဖြစ်မိသည်။ "လက်ရှိစုံစမ်းစစ်ဆေးနေတာတွေက လူ့အဖွဲ့အစည်းအတွက် အန္တရာယ်အလွန်ကြီးပါတယ်။ ဒီနိုင်ငံထဲမှာ ကွန်မြူနစ်တွေ ရှိနေတာထက်ကို ပိုပြီး အန္တရာယ်များနေတာပါ။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းရဲ့ ဒီမိုကရက်တစ်ရိုက်လက္ခဏာတွေကို ဖျက်ဆီးပစ်ခဲ့ပါပြီ" ဟု ခပ်ပြင်းပြင်းဝေဖန် ရှုတ်ချခဲ့သည်။ သို့နှင့် အမေရိကန်မဆန်သော လှုပ်ရှားမှုများဆိုင်ရာကော်မတီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် ဆောင်ရွက်နေသည့် ကွန်ဂရက်အမတ် ဂျွန်ရန်ကင်းက အိုင်စတိုင်း၏ နိုင်ငံရေးသဘောထားများသည် အစိုးရကို ဆန့်ကျင်တိုက်ခိုက်နေခြင်းဖြစ်သည်ဟု ၁၉၄၅ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် စွပ်စွဲတော့သည်။ "အမေရိကန်လူထုအနေနဲ့ အိုင်စတိုင်းအပေါ် အမှန်မြင်တတ်ကြဖို့ အချိန်တန်ပြီ။ သူ့ကို တရားစွဲဆို အရေးယူသင့်ပြီ" ဟု အဆိုပြုခဲ့သည်။သို့သော်လည်း လွှတ်တော်ကော်မတီက ခေါ်ယူစစ်ဆေးခြင်း၊ အရေးယူခြင်းမပြုခဲ့၍သာ တော်တော့သည်။

ဒုတိယကမ္ဘာစစ်ဖြစ်ပွားစဉ်က နာဇီဆန့်ကျင်ရေးအတွက် ဆိုဗီယက်ပြည်ထောင်စုနှင့် အမေရိကန်တို့ မဟာမိတ်ဖွဲ့ခဲ့ကြသော်လည်း မဟာမိတ်ဖွဲ့ခဲ့ကြသော်လည်း အင်ရိကန်တို့က ကွန်မြူနစ်နိုင်ငံများအပေါ် သံသယကြီးမားနေခဲ့ကြသည်။ ၁၉၅၀ပြည့်လွန်နှစ်များတွင်စစ်အေးကာလတင်းမာမှုများ ပြင်းထန်လာသည်နှင့် ကွန်မြူနစ် ကြောက်စိတ်ကလည်း အထွတ်အထိပ်သို့ ရောက်လာသည်။ ဆီးနိတ်အမတ် ဂျိုးဇက်မက္ကာသီ ဦးဆောင်သည့် ကွန်ဂရက်လွှတ်တော်နှင့် အမေရိကန်မဆန်သောလှုပ်ရှားမှုများဆိုင်ရာကော်မတီတက ကွန်မြူနစ်ဝါဒလိုလားထောက်ခံသူများကို ရှာဖွေချေမှုန်းတော့သည်။

***("အမေရိကန်တွေရဲ့လူမှုရေးသဘောထားမှာ အရိပ်မည်းကြီးတစ်ခုစွန်းထင်းနေတယ်။သူတို့ရဲ့တန်းတူညီမျှရေးတို့ လူ့ဂုဏ်သိက္ခာတို့ ဆိုတာဟာလူဖြူတွေအတွက်သာဖြစ်တယ်လို့ ထင်စားနေကြတယ်")***

photo: internet




အိုင်စတိုင်းနှင့် သူ၏ စာကြည့်တိုက်

သို့နှင့် ၁၉၄၀ ပြည့်လွန်နှစ်များကပင်မင်ဟက်တန်စီမံကိန်းမှလောစ်အယ်မို့စ်"ဓာတ်ခွဲခန်းတွင် ဒါရိုက်တာလုပ်လာသည့်ရောဘတ်အော်ပင်ဟိုင်းမား(Julius Robert Oppenheimer, 19041967)ကိုကွန်မြူနစ်တွင်နှင့် အဆက်အသွယ်လုပ်သည်ဟု စွပ်စွဲပြီးအမေရိကန်အဏုမြူစွမ်းအင်မကော်မရှင်မှ ထုတ်ပစ်သည်။ တကယ်တော့ ထိုအော်ပင်ဟိုင်းမားသည် ဒုတိယမဟ္မာစစ်ကိုအဆုံးသတ်စေခဲ့သည့် အဏုမြူဗုံးထုတ်လုပ်ရေးတွင် 'ဖခင်ကြီး' အဖြစ် တာဝန်ယူခဲ့သူဖြစ်သည်။ ထိုအရေးကြောင့် သိပ္ပံပညာရှင် အသိုင်းအဝန်းမှာတုန်လှုပ်ချောက်ချားသွားရသည်။အော်ပင်ဟိုင်းမားလို ထူးချွန်ထင်ရှားသည့် သိပ္ပံပညာရှင်တစ်ဦးပင်ဖြစ်သော်လည်း

မဂ္ဂာသီဝါဒ၏သားကောင် ဖြစ်ရရှာသည်။ ဤတွင်အိုင်စတိုင်းနှင့်အခြားသိပ္ပံပညာရှင် ၂၅ ဦးတို့ကအော်ပင်ဟိုင်းမားဘက်ကခုခံကာကွယ်ပေးခဲ့ကြသည်။သို့တိုင်အောင်လုံခြုံရေးကိစ္စအများအတွက်သံသယဖြစ်ဖွယ်ရှိသူများစာရင်းမှ အော်ပင်ဟိုင်းမား၏အမည်ကို မပယ်ဖျက်နိုင်ခဲ့ကြချေ။

ဒုတိယကမ္ဘာစစ်မတိုင်မီ ဂျာမနီမှာနေခဲ့စဉ်ကပင် ဂျူးလူမျိုးမုန်းတီးရေးနှင့် လူမျိုးရေးခွဲခြားဖိနှိပ်မှုများကို ကိုယ်တိုင်တွေ့ကြုံခဲ့ရပြီးဖြစ်ရာ အမေရိကန်နိုင်ငံတွင်လည်း လူမျိုးရေးပြဿနာရှိနေသည်ကို အိုင်စတိုင်းစိတ်ပျက်မိသည်။ သို့နှင့် ပရင့်စ်တန်သို့ရောက်ပြီး မကြာမီမှာပင်လူမျိုး၊ အသားအရောင် ခွဲခြားမှုဆန့်ကျင်ရေးအုပ်စုခေါင်းဆောင်များနှင့် လက်တွဲလုပ်ရှားခဲ့သည်။ အိုင်စတိုင်းသည် မကျန်းမမာဖြစ်နေသည့်ကြားက ပင်ဆယ်ဗေးနီးယားပြည်နယ်ရှိ လူမည်းများသာ တက်ရောက်သင်ကြားနေသည့် လင်ကွန်းတက္ကသိုလ် ဘွဲ့နှင်းသဘင်သို့ကြိုးစားတက်ရောက်ကာ မိန့်ခွန်းပြောခဲ့သည်။ ထိုမိန့်ခွန်းထဲမှာ “အမေရိကန်တွေရဲ့ လူမှုရေးသဘောထားမှာ အရိပ်မည်းကြီးတစ်ခု စွန်းထင်းနေတယ်။ သူတို့ရဲ့ တန်းတူညီမျှရေးတို့ လူ့ဂုဏ်သိက္ခာ တို့ဆိုတာဟာ လူဖြူတွေအတွက်သာဖြစ်တယ်လို့ ထင်စားနေကြတယ်” ဟုပြတ်ပြတ်သားသားပင် ထည့်ပြောခဲ့လေသည်။

ဦးဟန်ထွန်း၊ မိုးဂျာနယ်

## တအာင်း 'အက္ခရာ'

| | | | | |
|---|---|---|---|---|
| က | ခ | ဂ | ဃ | င |
| စ | ဆ | ဇ | ဈ | ည |
| ဋ | ဌ | ဍ | ဎ | ဏ |
| တ | ထ | ဒ | ဓ | န |
| ပ | ဖ | ဗ | ဘ | မ |
| ယ | ရ | လ | ဝ | ဗ |
| သ | ဟ | ဠ | အ | |

## တအာင်း 'သရ'

| | | | | | | | |
|---|---|---|---|---|---|---|---|
| အ | အာ | ဣ | ဤ | ဥ | ဦ | ဧ | ဧဲ |
| ◌ | ◌ာ | ◌ိ | ◌ီ | ◌ု | ◌ူ | ေ◌ | ◌ဲ |
| ေဧဲ | ဩ | ဪ | အို | အီု | အိူ | အာ် | အု် |
| ေ◌ဲ | ေ◌ာ | ေ◌ာ် | ◌ို | ◌ီု | ◌ိူ | ◌ာ် | ◌ု် |

*တအာင်း (ပလောင်) စာပြုဆရာကြီးများ*

၄

## ဘိန်းစားတောင်

တရားစိုးမိုးလူ့ဘောင်မှာ
**ဘိန်းထုတ်**ကို လက်မခံကြ
ဘိန်းရှုချင်ရင် ချောင်ချိုကြား
ခိုးသွားလာ ပုန်းရှုရတယ်
လူများသိရင် အဖမ်းခံနိုင်
ဝန်းကျင်လည်းဒဏ်ခတ်သည်
ကြီးလေးတဲ့ရာဇဝတ်သားကြီးပေါ့။
သို့ပေမယ့်
ပလောင်တောင်မှာ
ဘိန်းစားခြင်းဟာ
ခေတ်သစ်”လေ့ပဲ
ဝမ်းဖြည့်ဖို့ ဆန်ရှာဝယ်တောင်
ရောင်ပြီးရောင်းသူ လွန်ရှား
ဘိန်းကျတော့ အလကားနီးနီး
ရောင်း ဘုံလောင်းကြီးလို့ပဲ
အဝယ်များးကုန်လေ
စီးပွားဖုန်လို ဘိန်းစားဖုန်ပေါ့
လယ်သမား၊ ဝန်ထမ်းအပါ
စိတ်ကြိုက်ရှုရိုက်ကြတယ်
ကျားများတော်ဘားစွဲသလို
အမျိုးသမီးကောင်းလည်း
**ဘိန်းပေါင်းခန်းဒါ**ကိုယ်စီနဲ့
တားမြစ်ဖမ်းဆီးသူမရှိဘူး
ကြီးသူကယ်သူကို **မမြစ်**
**အပြစ်ဖက်ဝိုင်းသား**တွေပဲ
ဘိန်းစားလို့ ဖမ်းမယ်ဆိုရင်
ပလောင် တောင်တန်းက
မြို့ ဟောင်းဖြစ်သွားမှာပေ
ဒါကိုလူမင်းကြီးများ သိသိနဲ့
ဟန်ဆောင် ရှယ်ယာတောင်ပါသေး၊
ရင်လေးစရာဖြစ်ရပ်ကတော့
ဘိန်းတောင်လို့ ခေါ်လောက်အောင်
ပလောင်တောင်တန်းက
**ဘိန်းတော**နက်သထက်နက်လာလို့ပဲ။

*မိုင်းပါင်လ(၁၈၊၄နှ၊၂၀၁၀)*

Note– ဘိန်းထုတ်–ဘိန်းစား
ဘိန်းပေါင်းခန်ဒါကိုယ်–ဘိန်းညှော်နံ
သောခန်ဒါကိုယ်
ဘိန်းတော–ဘိန်းစားသူတို့နေရာ
မမြစ်–မတားဆီးမတားမြစ်။



ဝေအင်းဝေါင်းလေးများနှင့် လူငယ်အစည်းအရုံး ထုတ်ဝေသည်



# ခူဘီဒါးတိုး

ခူဘီသအဲမိုသကော်န်းတအာင်းအူရှေသ

ခူလွါဒါါသဟာ်မ်းအဲ

အဲဘူဆမာဒါါသဟာ်မ်းအဲပေန်ပံင်ကလာင်းအီး

အဲဟာဝ်းခနားအီးမာ်သ

အီးကလာင်းခည်းခည်း

အဲလိုကျိုးကျားအဲဒါါသဟာ်မ်းအဲ

ဓါး၉ ညီးမာင်ဂါင်း

ပလွါးဒါါသဟာ်မ်းအဲတအာင်း

ပလွါးဒါးဂျိုးတအာင်း

မာင်ဂါင်းကဲ့ီးအီးဒါါသကအာ၌ဘီး၌င်း

ခူဘီသတိုး ခူဘီသနောသ

အဲမိုသကော်န်းတအာင်း

လိုကျိုးကျားဒါါသဟာ်မ်းအဲတော်န်းရှေသ

အဲလိုကတာသဘောသအဲ

နှင်းဘောသအဲကတားဒါင်းဇား

နှင်းခြိုဝ်းမျိုးအဲတအာင်းဟိုက်ဇား

# မြွေကိုက်လျှင်



လူနာကို ငြိမ်သက်စွာ လှဲနေပါစေ



ဒဏ်ရာ၏ အထက်တွင် ကြိုးဖြင့်ဖြစ်စေ၊အဝတ်စရှည်ရှည်ဖြင့် ဖြစ်စေ ခတ်တင်းတင်း စည်းပေးပါ။ (မြွေဆိပ်တများ ကိုယ်ထဲသို့ ပျံ့နှံ့မသွားစေရန် တားဆီးလိုက်ခြင်း ဖြစ်ပါသည်။) ဒဏ်ရာကို ဖန်ရည်၊ သို့မဟုတ် ရေများများဖြင့် လောင်း၍ သန့်ရှင်းအောင် ဆေးပါ။



ဓားသွားထက်ထက်ကို အနည်းငယ် မီးမြှိုက်၍ ဒဏ်ရာနေရာကို ကြက်ခြေခတ် ×ပုံ ခွဲပေးပါ။ ခွဲရာတွင် အရှည် စပါးလုံး တဝတ်ခန့် ရှိရမည်။ (ဓားဒဏ်ရာမှ သွေးထွက်လျှင် အဆိပ်ပါသွားစေရန် ဖြစ်သည်။)



အဆိပ်ပါသော သွေးများ ကောင်းစွာထွက်စေရန်အတွက် ယင်း'ဏ်ရာတဝိုကိုနာ နာညစ်ပေးပါ။ အဆိပ်များ ထွက်သွားမှ စိတ်ချရမည်။



လက်ဖက်ရည်၊ ကော်ဖီ၊ သို့မဟုတ် ရေနွေးပူပူတိုက်ပါ။ ပြီးလျှင် ဆရာဝန်၊ သို့မဟုတ် ကျန်းမာရေးမှူးထံသို့ မမြန်ခေါ် သွားပြီး အဆိပ်ပြေဆေးထိုးရမည်း။ သို့မှသာ ကောင်းစွာ စိတ်ချရမည်ဖြစ်ပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ – ၁၁



တအာင်း(ပလောင်) တို့၏ ယဉ်ကျေးမှု ကျောက်စာတိုင်



၂၀၀၅ ခုနှစ်တွင် ၄ နှစ်တစ်ကြိမ်တအာင်း (ပလောင်) ညီလာခံတွင် လာ
ရောက်လာသည့် တအာင်းပြည်သူများ ထမင်းသုံးဆောင်နေစဉ်



၂၀၀၉ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် တအာင်း စာပေနှင့် ယဉ်ကျေးမှု အခမ်းအနား



ထိုင်းနိုင်ငံတွင် နေထိုင်ကြသည့် တအာင်းအချို့



ပွဲခင်းတခုတွင် တအာင်းရိုးရာအိုးစည်တီးခတ်ဖျော်ဖြေဆင်



တအာင်း တော်လှန်ရေးနေ့တွင် ဓားသိုင်းဖြင့် ကပြဖျော်ဖြေနေစဉ်



လက်ဖက်ခင်းစိမ်းနှင့် တအာင်းပျိုများအလှ




## အကြံပြုတောင်းဆိုစာ

သို့/

စာဖတ်သူပရိတ်သတ်အပေါင်းတို့ခင်ဗျာ

ကျွန်တော်တို့ တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံး (Ta'ang Students and Youth Organization)ကို ၁၉၉၈ ခုနှစ်တွင် ပလောင်လူငယ်ကွန်ယက်အဖွဲ့(Palaung Youth Network Group)အဖြင့်ထိုင်းနိုင်ငံရောက်တအာင်း (ပလောင်)အချို့က ဖွဲ့စည်းခဲ့ပါသည်။

ကျွန်တော်တို့ ဤအွန်လိုင်းစာစောင်လုပ်ရခြင်းရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်အတွင်းရှိ တိုင်းရင်းသားများတို့၏ သတင်းအချက်အလက်အဆုံနှင့် တအာင်းကျောင်းသားများနှင့် လူငယ်အစည်းအရုံးတို့ ၏ လုပ်ရှားမှုကို အခြားပြည်သူများပိုမိုသိရှိလာစေရန် လုပ်ဆောင်ခြင်းဖြစ်ပါသည်။

ဤစာသည် ကျွန်တော်တို့၏ ပထမဆုံးအကြိမ်ထုတ်ဝေခြင်းဖြစ်ပါသည်။ ထို့ကြောင်း ၎င်းအပေါ်တွင် ကျွန်တော်တို့၏ စာစောင် ဒီဇိုင်းနှင့် အချက်အလက်များကိုပိုမိုပြည့်ဆုံကောင်းမွန်လာအောင်စာဖတ်သူ ပရိတ်သတ်အပေါင်းတို့လွှတ်လွှတ်လပ်လပ်အကြံပေးပို့နိုင်ပါသည်ခင်ဗျာ။

*လိပ်စာ*

Ta'ang Students and Youth Organization (TSYO)
P.O Box (191)
Mae Sot, Tak Province
Thailand, 63110
Email: palaungyouth@yahoo.com
Tel: 055 533 324 Pho: 0801184479
www.palaungland.org